


# နတ်နွယ်

# သုံးနှစ်သုံးမိုး


ANTON CHEKHOV

# Three Years



တတိယအကြိမ်

mgyoe.com



နတ်နွယ်

သုံးနှစ်သုံးမိုး

NN0038

2,500.00 KS

mgyoe.com

mgyoe.com

သုံးနှစ်သုံးမိုး၊ နတ်နွယ်
ဆရာနတ်နွယ်၏စာမူစာအုပ်များမူပိုင် - စိတ်ကူးချိုချို
တမျက်နှာ ၁၆၉ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ မတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သုံးနှစ်သုံးမိုး

# THREE YEARS

**Anton Chekhov**

## နတ်နွယ်

မြန်မာပြန်




တတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အမှာ

ကမ္ဘာစာပေသမိုင်းတွင် အကျော်ကြားဆုံး ဝတ္ထုတိုရေးသမား တစ်ယောက် အဖြစ်နှင့် မျက်မှောက်ခေတ် ပြဇာတ်သမိုင်းတွင် အကျော်ကြားဆုံး ဥရောပပြဇာတ်ရေးဆရာတစ်ဦးအဖြစ် အသိ အမှတ်ပြုခံရသော အင်တွန်ပက်ဗလိုဗစ်ချက်ကော့သည် ရုရှား ပြည်တောင်ပိုင်း အက်ဇော့ ပင်လယ်ကမ်းခြေ ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်သော တာဂန်ရော့မြို့တွင် ၁၈၆၀ ပြည့်နှစ် ဇန်နဝါရီလ ၂၉ ရက်နေ့၌ မွေးဖွားသည်။ တောင်သူလယ်သမားမျိုးရိုး ဖြစ်သည်။ သူ၏အဘိုးသည် ငွေဝယ်ကျွန်တစ်ဦး ဖြစ်သည်။ သို့သော် သူ သည် ၁၈၆၁ ခုနှစ် ကျေးကျွန်လွတ်မြောက်ရေး ဥပဒေမတိုင်မီမှာ ပင် သူနှင့် သူ၏မိသားစုကို ကျေးကျွန်အဖြစ်မှ ရွေးနုတ်နိုင်ခဲ့သည်။ ချက်ကော့၏ဖခင်သည် ကုန်စုံဆိုင်ပိုင်ရှင် ကုန်သည်တစ်ဦး ဖြစ် လာခဲ့သည်။ ညီအစ်ကို မောင်နှမ ခြောက်ယောက်ရှိသည့်အနက် ချက်ကော့က တတိယမြောက်ဖြစ်သည်။

mgyoe.com

mgyoe.com



ချက်ကော့၏မိဘများသည် ရှေးရိုးစဉ်လာသမားများ ဖြစ်ပြီး ဘာသာရေးတွင် အင်မတန် ရိုသေကိုင်းရှိုင်းကြသည်။ သို့ဖြင့် ချက်ကော့သည် မိဘများ၏တင်းကျပ်သော အုပ်ထိန်းမှု၊ တင်းကျပ်သော ဘာသာရေး အစဉ်အလာနှင့် ရုရှားကုန်သည် လူတန်းစား ရှေးရိုးအစဉ်အလာတို့တွင် ကြီးပြင်းခဲ့ရသည်။ သူသည် အသက်ခုနစ်နှစ်မှ တစ်ဆယ့်ခြောက်နှစ် အရွယ်အထိ သူ၏ဖခင် တည်ထောင်ထားသော ဓမ္မဂီတအဖွဲ့တွင် ဓမ္မတေးသီချင်းများကို သူ၏အစ်ကိုများနှင့်အတူ မှန်မှန်သီဆိုခဲ့သည်။

ချက်ကော့သည် ဂရိတ်ဘာသာသင် ပုဂ္ဂလိကကျောင်းတွင် စတင် ပညာသင်ကြားခဲ့ရသည်။ (တာဂန်ရော့မြို့တွင် ဂရိတ်လူမျိုး အတော်များများ ရှိသည်။) တစ်နှစ်ခန့်ကြာသောအခါတွင်မှ အစိုးရ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့သင်ကြားခဲ့ရသည်။ (ထိုကျောင်းတွင်လည်း လက်တင်ဘာသာ နှင့်ဂရိတ်ဘာသာများကို သင်ရိုးညွှန်းတမ်းတွင် ပါဝင်သင်ကြားရသည်။) ချက်ကော့သည် ကျောင်းပညာတွင် ထူးချွန်ခြင်း မရှိခဲ့ပါ။ သို့သော် စာပေနှင့် ပြဇာတ်တွင် စိတ်ဝင်စားမှု ရှိကြောင်းကား ပြသခဲ့သည်။ သူသည် အထက်တန်းကျောင်းသား ဘဝမှာပင် သူ၏ ပထမဦးဆုံးသော ပြဇာတ်ကို ရေးသားခဲ့ခြင်း ဖြစ်သည်။

၁၈၇၆ ခုနှစ်တွင် ချက်ကော့၏ဖခင်သည် လုပ်ငန်းကိုင်ငန်း များ အဆင်မပြေဖြစ်ပြီး ကြွေးတွေထူပြောလာသဖြင့် မော်စကိုမြို့ သို့ မလွှဲမရှောင်သာ ပြောင်းရွှေ့ရသည်။ သူ၏သားအကြီး နှစ်ယောက်သည် စောစောပိုင်းကတည်းကပင် မော်စကိုမြို့သို့ သွားရောက်ပြီး အလုပ်လုပ်ကိုင်လျက် ရှိကြသည်။ ချက်ကော့၏မိခင် သည် လအနည်းငယ် အကြာမှာ သားအငယ်နှစ်ယောက်နှင့်အတူ လိုက်ပါသွားရသည်။ သို့သော် ချက်ကော့နှင့် ညီတစ်ယောက်သည် တာဂန်ရော့မြို့တွင် ကျောင်းပြီးသည်အထိ နေထိုင်ကြရသည်။ ၁၈၇၉ ခုနှစ်တွင် မော်စကိုမြို့သို့ ချက်ကော့ ရောက်ရှိပြီး မော်စကို တက္ကသိုလ် ဆေးသိပ္ပံတွင် ဆက်လက် ပညာသင်ကြားရသည်။

mgyoe.com

mgyoe.com



၁၈၈၄ ခုနှစ် ဆေးပညာဘွဲ့ ရရှိသည်။

သူ၏မိသားစုသည် ချို့ချို့တဲ့တဲ့ ခြစ်ခြစ်ကုတ်ကုတ် နေထိုင်ရသည်ဖြစ်သဖြင့် ချက်ကော့သည် ပညာသင်ကြားရင်း ဝမ်းစာကိုလည်း ရှာဖွေရသည်။ သတင်းစာဆရာတစ်ဦးဖြစ်သော သူ၏အစ်ကို အလက်ဇင်ဒါ၏နမူနာအတိုင်း ချက်ကော့သည် မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့ရှိ စာနယ်ဇင်းတိုက်များသို့ ဟာသဝတ္ထုတိုကလေးများနှင့် အခြားစာတိုပေစများ ပေးပို့သည်။

ချက်ကော့သည် ဆေးပညာဘွဲ့ရရှိပြီးနောက် မြို့နယ်ဆေးရုံကလေးတစ်ခုတွင် ခေတ္တမျှ ဝင်ရောက်လုပ်ကိုင်သည်။ ထို့နောက် မော်စကိုမြို့မှာပင် ကိုယ်ပိုင်ဆေးခန်း ဖွင့်လှစ်သည်။ ထိုစဉ်က သူ ပြောလေ့ရှိသည့် စကားတစ်ခုရှိသည်။ ဆေးကုသခြင်းက သူ၏တရားဝင်မယားကြီးဖြစ်ပြီး စာပေက သူ၏မယားငယ် ဖြစ်သည်ဟု ဆိုသည်။ သို့သော် များမကြာမီမှာပင် မယားငယ်က မယားကြီးကို လွှမ်းမိုးအောင်နိုင် သွားတော့သည်။ သို့သော် သူ၏ဆေးကုသမှု လုပ်ငန်းကပင် သူ့ကို စာရေးဆရာတစ်ယောက် ဖြစ်အောင် လေ့ကျင့်သင်ကြားပေးခဲ့သည်ဟု နောက်ပိုင်းတွင် ၎င်းက ပြောဆိုခဲ့ပါသည်။

၁၈၈၄ ခုနှစ်တွင် သူ၏ဝတ္ထုတိုများကို ပထမဆုံးအကြိမ် စုပေါင်းထုတ်ဝေခဲ့သည်။ (စုစုပေါင်း ခြောက်ပုဒ်မျှသာ ဖြစ်သည်) သည့်နောက်တွင်ကား သူ၏စာပေအရှိန်သည် မြင့်သည်ထက် မြင့်လာတော့သည်။ သူ၏အကောင်းဆုံးဝတ္ထုတိုများကို ၁၈၈၉ ခုနှစ်နှင့် ၁၈၉၈ ခုနှစ်အကြားတွင် ရေးသားခဲ့သည်။ သူသည် ဝတ္ထုတိုများကို ၁၉၀၇ ခုနှစ်အထိ ဆက်ပြီးရေးခဲ့သော်လည်း ၁၈၉၆ ခုနှစ်နှင့် ၁၉၀၃ ခုနှစ်အတွင်း ပြဇာတ်များကို အထူးပြုကာ ရေးသားခဲ့သည်။ ၁၈၉၆ ခုနှစ်တွင် သူ၏ နာမည်ကျော် ပြဇာတ်တစ်ပုဒ်ဖြစ်သော ပင်လယ်စင်ရော်ကို ရေးသားခဲ့သည်။ သူ၏ နာမည်အကြီးဆုံး ချယ်ရီဥယျာဉ်ပြဇာတ်ကို သူ မကွယ်လွန်မီ ၁၉၀၄ ခုနှစ်တွင် ရေးသားခဲ့သည်။ သူသည် အဆုတ်ရောဂါဖြင့် အသက်

mgyoe.com

mgyoe.com



လေးဆယ့်လေးနှစ်အရွယ် ၁၉၀၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ချက်ကော့သည် ဝတ္ထုတိုရေးသားခြင်းနှင့် ပြဇာတ်ရေးသားခြင်းတို့တွင် တံခွန်စိုက်ထူခဲ့သည်။ ထို့မျှမက သူသည် ဝတ္ထုရှည်များကိုလည်း ရေးသားခဲ့သည်။ သူ၏ဝတ္ထုရှည်များသည် စိတ်ဝင်စားဖွယ်ရာကောင်းပြီး သူ့ခေတ် သူ့အခါက နိုင်ငံရေးနှင့် လူမှုရေးတို့ကို ပီပီပြင်ပြင် ထင်ဟပ်ထားနိုင်သဖြင့် အကြိတ်အနယ် အပြင်းအထန် ဝေဖန်ပြောဆို ဆွေးနွေးခဲ့ကြရသည်။

သုံးနှစ်သုံးမိုးကို ၁၈၉၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ထုတ်ဝေသော ရုရှားအတွေး (Russian Thought) မဂ္ဂဇင်းတွင် ရေးသားခဲ့သည်။

ချက်ကော့သည် သုံးနှစ်သုံးမိုးကို ဧရာမဝတ္ထုရှည်ကြီး တစ်ပုဒ်အဖြစ် ရေးသားရန် စိတ်ကူးခဲ့သည်။ ၁၈၉၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့စွဲဖြင့် သတင်းစာဆရာကြီး ဆူဗိုရင်ထံသို့ ရေးသောစာတွင် သုံးနှစ်သုံးမိုးနှင့် ပတ်သက်ပြီး သူသည် ဇာတ်ဆောင်ပေါင်းတစ်ရာကျော်ပါဝင်သော ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို ရေးသားနေသည်ဟု ထည့်သွင်းပြောဆိုခဲ့သည်။ သူ၏ မှတ်စုစာအုပ်များတွင်လည်း သုံးနှစ်သုံးမိုးနှင့် ပတ်သက်ပြီး မှတ်စုတွေ အများကြီး ရေးသားထားခဲ့သည်။ သို့သော် ဝတ္ထုရေးသားပြီးသွားသောအခါ သူစိတ်ကူးယဉ်သည်က တခြား၊ ရေးဖြစ်သည်က တခြားဟု ဆိုပါသည်။

ဝေဖန်ရေးဆရာ တစ်ဦး နှစ်ဦးမှအပ ဝေဖန်ရေးဆရာအတော်များများက ဤဝတ္ထုကို အပြင်းအထန် ဝေဖန်ခဲ့ကြသည်။

ဤဝတ္ထုကို ဗာဗရာ မာကာနိုဝစ္စကီ (Barbara Makanowitsky) ပြန်ဆိုသော အင်္ဂလိပ်မူမှတစ်ဆင့် ပြန်ဆိုပါသည်။

နတ်နွယ်



mgyoe.com

mgyoe.com

# ၁

အမှောင်ပျိုးစ ပြုနေပြီ။ အချို့အိမ်များတွင် မီးထွန်းထားကြပြီ ဖြစ်သည်။ လမ်းထိပ်ကင်းတဲလေး၏ နောက်ဘက်တွင် လဖျော့ဖျော့ကလေးပင် ထွက်နေပြီ။ လက်ပတစ်သည် ခြံဝင်းဝရှိ ခုံတန်းရှည်ကလေးပေါ်တွင် ထိုင်ပြီး ပီတာနှင့်ပေါလ် ဘုရားရှိခိုးကျောင်းတွင် ပြုလုပ်နေသော ညနေပိုင်း ဝတ်ပြုပွဲ အပြီးကို စောင့်ဆိုင်းလျက်ရှိသည်။ ယူလီယာသည် ဝတ်ပြုပွဲမှ အပြန်တွင် သူတို့အိမ်ရှေ့မှ ဖြတ်ပြီး ပြန်ရမည်ဟု သူတွက်ထားသည်။ ထိုအခါတွင် သူသည် သူမနှင့် စကားပြောခွင့် ရရှိပေမည်။ အဆင်ပြေလျှင် တစ်ညချမ်းလုံး သူမနှင့်အတူ နေနိုင်မည် ဖြစ်သည်။

ဤနေရာတွင် သူ ထိုင်နေခဲ့သည်မှာ တစ်နာရီခွဲ ရှိသွားပြီဖြစ်သည်။ ဤအတွင်းတွင် သူသည် မော်စကိုမြို့တော်မှ သူ၏နေအိမ်၊ မော်စကိုမြို့တော်မှ သူ၏မိတ်ဆွေများ၊ အစေခံကြီး ပီတာနှင့် သူ၏ စာရေးစားပွဲတို့ကို မြင်ယောင်လျက်ရှိသည်။ သူသည် ငြိမ်သက်ပြီး မည်းမှောင်နေသော သစ်ပင်များကို စိတ်ရှုပ်ထွေးစွာဖြင့် ငေးမောနေမိသည်။ သူသည် ဆူကိုနိကီရှိ နွေရာသီ

mgyoe.com

mgyoe.com


အပန်းဖြေရိပ်သာတွင် မနေဘဲ နံနက်တိုင်းနှင့် ညနေတိုင်းပင် ခရာသံတည်ညံ၊ ဖုန်လုံးကြီးများ တထောင်းထောင်းနှင့် နွားအုပ်ကြီးများ ဖြတ်မောင်းသွားတတ်သော တောမြို့နယ် အိမ်ကလေးတစ်အိမ်တွင် ရောက်ရှိနေရသည်မှာ သူ့အဖို့ ထူးဆန်းနေပါသည်။

မကြာသေးသောကာလက သူကိုယ်တိုင် ပါဝင်ခဲ့ရသော ရှည်လျားထွေပြားသော မော်စကို စကားဝိုင်းများကိုလည်း သူ အမှတ်ရနေသည်။ ယင်းစကားဝိုင်းများတွင် အချစ်မရှိဘဲနှင့် အသက်ရှင်နေထိုင်နိုင်သည့် အကြောင်းကို ပြောဆိုကြသည်။ ကိလေသာ အချစ်ဟူသည်မှာ စိတ်ရှုပေါက်ခြင်းသာ ဖြစ်သည်။ နိဂုံးချုပ်လိုက်သောအခါ မည်သည့်အချစ်ဟူသည်မျှ မရှိပါ။ ဆန့်ကျင်ဘက်လိင်တို့၏ကိုယ်ခန္ဓာသာယာမှုမျှသာ ဖြစ်သည်။ သည်အချက်များကို စဉ်းစားမိသောအခါ ယခုအချိန်တွင် အချစ်ဟူသည် အဘယ်နည်းဟု သူ့ကို မေးလာလျှင် သူ ဘာမျှဖြေတတ်မည် မဟုတ်ပါ။

ညနေပိုင်း ဝတ်ပြုပွဲ ပြီးသွားပြီ ဖြစ်သည်။ လူအုပ်ကြီး ပေါ်ထွက်လာသည်။ လက်ပတစ် အားစိုက်ပြီး မှုန်ရီဝိုးဝါးသဏ္ဍာန်များကို ကြည့်သည်။ ဂိုဏ်းချုပ်ကြီးပင် သူ၏မြင်းရထားကြီးဖြင့် ထွက်ခွာသွားပြီ ဖြစ်သည်။ ခေါင်းလောင်းသံများလည်း ရပ်သွားကြပြီ။ ခေါင်းလောင်းစင်တွင် ထွန်းထားသော မီးစိမ်း၊ မီးနီများသည်လည်း တစ်ပွင့်ပြီးတစ်ပွင့် ငြိမ်းကုန်ကြပြီဖြစ်သည်။ လူအုပ်ကြီးမှာမူ ဘုရားရှိခိုးကျောင်းအတွင်းမှ အေးအေးလူလူပင် ထွက်လာနေကြသည်။ အချို့မှာ ပြတင်းပေါက်များအောက်တွင် ရပ်ပြီး စကားပြောနေကြသည်။

သို့သော် နောက်ဆုံးတွင်မူ သူ ကျက်မှတ်မိနေသော စကားသံတစ်ခုကို လက်ပတစ် ကြားရသည်။ သို့သော် သူ့မှာ ရင်တထိတ်ထိတ် ဖြစ်သွားရသည်။ အကြောင်းမှာ ယူလီယာတစ်ယောက်တည်း မဟုတ်ပါ၊ အဖော်အမျိုးသမီးနှစ်ယောက် ပါနေသည်။ သူ စိတ်ပျက်ရတော့သည်။

"အဲဒါ ဆိုးတာပဲ၊ အဲဒါ ဆိုးတာပဲ"

သူ ရွတ်ဆိုလိုက်သည်။

သို့သော် လမ်းဆုံသို့ ရောက်ရှိသောအခါ ယူလီယာသည် လမ်းသွယ်ကလေးတစ်ခုအတွင်းသို့ မချိုးမိ ရပ်တန့်လိုက်ပြီး အမျိုးသမီးနှစ်ယောက်နှင့်

mgyoe.com

mgyoe.com


လမ်းခွဲလိုက်သည်။ ထို့နောက် လက်ပတစ်ရှိရာဘက်သို့ ကြည့်လိုက်သည်။

"ကိုယ် အခုပဲ မင်းတို့အိမ် သွားမလို့ပဲ၊ မင်းတို့ဖေဖေနှင့် စကားပြောရအောင်၊ သူ အိမ်မှာ ရှိသလား"

"ရှိဖို့ များပါတယ်၊ ကလပ်ကိုသွားဖို့ အချိန်စောပါသေးတယ်"

လမ်းသွယ်ကလေး တစ်လျှောက်လုံးလိုလိုမှာပင် ခြံဝင်းကျယ်များ သွယ်တန်းလျက်ရှိသည်။ ခြံစည်းရိုးများတွင် သံပရာပင်များ ပေါက်နေကြသည်။ လရောင်တွင် ယင်းသံပရာပင်များက အရိပ်ထိုးနေကြသဖြင့် လမ်းတစ်ဖက်ရှိ ခြံစည်းရိုးများနှင့် ခြံတံခါးများအားလုံး အမှောင်ထဲတွင် ရောက်ရှိနေကြတော့သည်။ အမျိုးသမီးအချို့၏ တီးတိုးသံများ၊ ခပ်အုပ်အုပ်ကလေး ရယ်သံများနှင့် တိုးညင်းသော ဗျပ်စောင်းသံတို့ကို ကြားနေရသည်။ သံပရာနံ့နှင့် မြက်ခြောက်နံ့များ သင်းနေသည်။

အမှောင်ထဲမှ တီးတိုးသံများနှင့် သံပရာရနံ့များက လက်ပတစ်ကို လွှမ်းခြုံလာကြသည်။ သူက ရုတ်ခြည်းဆိုသလိုပင် သူ၏အဖော်ကို အားရပါးရ ပိုက်ဖက်လိုစိတ် ဖြစ်လာသည်။ သူမ၏မျက်နှာ၊ သူမ၏လက်မောင်းနှင့် သူမ၏ တံတောင်များကို အနမ်းများစွာဖြင့် ဖုံးလွှမ်းပစ်လိုက်ချင်သည်။ သူမ၏ခြေရင်းတွင် ဒူးထောက်လိုက်ကာ သူမကို ချစ်နေမိသည်မှာ အဘယ်မျှကြာပြီ ဖြစ်ကြောင်းကို မျှဉ်းမျှဉ်းရှိုက်ရှိုက်ကလေး ပြောလိုက်ချင်သည်။

သူမထံမှ ဘုရားဝတ်ကျောင်း ပန်းပေါင်းရနံ့ပျံ့ပျံ့ကလေး သင်းလာသောအခါ သူကိုယ်တိုင်လည်း တစ်ချိန်က ဘုရားသခင်တွင် ယုံကြည်ခြင်းကြီးစွာဖြင့် ညနေတိုင်း ဝတ်ပြုပွဲသို့ သွားခဲ့သည့်အဖြစ်များကို သတိရပြီး သန့်ရှင်းစင်ကြယ်သော ချစ်ခြင်းမေတ္တာနှင့် ကဗျာတစ်ပုဒ်လို သာယာလှပသော ချစ်ခြင်းမေတ္တာတို့ကို တမ်းတမိပါတော့သည်။ သို့သော် သည်မိန်းကလေးက သူ့ကို မချစ်ချေသောကြောင့် ထိုစဉ်က သူ မျှော်မှန်းတမ်းတခဲ့သော ပျော်ရွှင်မှုတို့ကို ယခုအခါ ထာဝရလက်လွှတ် ဆုံးရှုံးရမည်ကဲ့သို့ ရှိနေသည်။

သူမက သူမ၏အစ်မ နီနာဖိဒိုရော့ဗနာ၏ ကျန်းမာရေးကို စိတ်ဝင်စားစွာဖြင့် ပြောဆိုပါသည်။ သူမ၏အစ်မသည် လွန်ခဲ့သော နှစ်လလောက်တုန်းက ကင်ဆာရောဂါအတွက် ခွဲစိတ်ကုသခဲ့ရသည်။ ယခုအခါတွင် သူတို့အားလုံးကပင် ရောဂါအခြေအနေ ပြန်လည်ဆိုးဝါးလာမည်ကို မျှော်လင့်နေ

mgyoe.com

mgyoe.com


ကြတော့သည်။

"ကနေ့မနက်ပဲ ကျွန်မ သူ့ကိုသွားကြည့်ခဲ့သေးတယ်၊ ဒီတစ်ပတ်အတွင်းမှာ သူဟာကျမသွားပေမဲ့ အသားအရေတွေ ဖျော့လာတယ်လို့ ကျွန်မထင်တယ်"

ယူလီယာဆာဂျီယက်ဗနာက ပြောလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရောဂါပြန်ဖြစ်လာတဲ့ သဘောတော့ မရှိဘူး၊ ဒါပေမဲ့ သူဟာ တစ်နေ့ထက်တစ်နေ့ အားနည်းလာပုံရတယ်၊ ဘယ်လိုဖြစ်သလဲဆိုတာ ကိုယ် စဉ်းစားလို့မရဘူး"

လက်ပတစ်က ပြန်ပြောလိုက်သည်။

ယူလီယာ ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက်

"အို.... ဘုရားသခင်၊ သူဟာ တစ်ချိန်တုန်းက တကယ့်ကို ကျန်းမာရေးကောင်းပြီး တကယ့်ကိုဝပြီး သူ့ပါးကလေးတွေဟာ တကယ့်ကို နီရဲနေတာပဲ၊ ဒီကလူတွေအားလုံးက သူ့ကို မော်စကိုမြို့တော်သူကြီးလို့ ခေါ်ကြတယ်၊ ဒါပေမဲ့ သူဟာ ဘုရားရှိခိုးကျောင်း သွားတဲ့နေ့တွေမှာ ကျေးတောသူတစ်ယောက်လိုပဲ ရိုးရိုးယဉ်ယဉ်ကလေးပဲ ဝတ်လေ့ရှိတယ်။ အဲဒီလိုဝတ်တာကပဲ သူနဲ့ သိပ်လိုက်တာပဲ"

ဒေါက်တာဆာဂျီဗိုရီဆစ် အိမ်မှာ ရှိနေသည်။ တုတ်တုတ်ခိုင်ခိုင်၊ နီနီရဲရဲ။ ဒူးဆစ်အောက် ရောက်သော ကုတ်အင်္ကျီကြီးကို ဝတ်ထားသဖြင့် ခြေထောက်တိုသည်ဟု ထင်ရသည်။ စာကြည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ လက်နှစ်ဖက်ကို အင်္ကျီအိတ်များအတွင်းသို့ ထည့်ထားပြီး သီချင်းတအေးအေးနှင့် ဖြစ်သည်။

"ရူ…ရူ…ရူ…ရူ"

သူ၏ နှုတ်ခမ်းမွေး ဖြူဖြူများကလည်း ကစဉ့်ကလျား။ သူ၏ဆံပင်များကလည်း ယခုမှ အိပ်ရာကထလာသူတစ်ဦးပမာ မဖြီးမခွဲ။ ထို့အပြင် သူ၏စာကြည့်ခန်းမှာလည်း သူ၏ကိုယ်ခန္ဓာနှင့် အလားတူပင် ဖရိုဖရဲ ပရမ်းပတာ။ ဆိုဖာပေါ်က ခေါင်းအုံးပုံ၊ အခန်းထောင့်က စက္ကူပုံ၊ စားပွဲအောက်က ခွေးဝဲစား တစ်ကောင်။

"မစ္စတာ လက်ပတစ်က ဖေဖေနှင့် တွေ့ချင်လို့တဲ့"

mgyoe.com

mgyoe.com


သမီးဖြစ်သူက စာကြည့်ခန်းအတွင်းသို့ ဝင်သွားရင်း ဖခင်ကို ပြော လိုက်သည်။

"ရှု….ရှု….ရှု….ရှု"

သူက ‌တေးသွားကို ပိုမိုကျယ်လောင်စွာ ညည်းလိုက်ပြီးနောက် ဧည့် ခန်းဆီသို့ လျှောက်သွားသည်။ လက်ပတစ်နှင့် လက်ဆွဲနှုတ်ဆက်ရင်း

"ဘာသတင်းထူးသလဲ"

ဧည့်ခန်းထဲတွင် မှောင်နေသည်။ လက်ပတစ်သည် ကုလားထိုင်တွင် မထိုင်ဘဲ ဦးထုပ်ကို လက်ထဲတွင် ကိုင်ထားရင်းဖြင့်ပင် အနှောင့်အယှက် ပေးမိသည်ကို တောင်းပန်လျက် ရှိသည်။ သူ၏အစ်မ ညအခါတွင် အိပ် ပျော်စေရန် ဘာလုပ်ရမည်နည်းဟု မေးသည်။ သူ အဘယ်ကြောင့် ဤမျှပိန် သွားရသနည်းဟု မေးသည်။ မနက်ပိုင်းက အိမ်ကို ဒေါက်တာလာတုန်းက လည်း ဤမေးခွန်းများကို မေးခဲ့ပြီးပြီကို သတိရသဖြင့် မေးခွန်းအသစ်တစ်ခု ထပ်ပြီး မေးလိုက်သည်။

"မော်စကိုက အထူးကုဆရာဝန်တစ်ယောက်ကို ခေါ်ရရင် ကောင်း မလား၊ ဒေါက်တာ ဘယ်လိုသဘောရသလဲ"

ဒေါက်တာ သက်ပြင်းချလိုက်သည်။ ပခုံးနှစ်ဖက် တွန့်လိုက်သည်။ မပြောတတ်ဘူးဆိုသည့်သဘောမျိုးဖြင့် လက်ရိပ်လက်ခြည် ပြလိုက်သည်။

သူ့အနေနှင့် အစော်ကားခံရခြင်းပင် ဖြစ်သည်။ သူက အထအန ကောက်တတ်သော၊ စိတ်ထိခိုက်လွယ်သော ဆရာဝန်တစ်ဦး ဖြစ်သည်။ သူ့ကို လူတွေက ယုံကြည်မှုမရှိဘူး၊ မယုံကြည်ဘူး၊ မလေးစားကြဘူးဟု အမြဲတမ်း မှတ်ယူနေတတ်သူ ဖြစ်သည်။ လူတွေက သူ့ကို အမြတ်ထုတ်နေ ကြသည်။ လုပ်ဖော်ကိုင်ဖက်များက သူ့ကို မနာလိုဝန်တိုနေကြသည်။ ယင်း ကြောင့်လည်း သူ့ကိုယ်သူ မြဲတမ်း အပြစ်တင်ရှုတ်ချလျက် ရှိသည်။ သူက သူများတွေ အသုံးချတာကိုခံနေသော ငတုံးတစ်ယောက်သာ ဖြစ်သည်။

ယူလီယာဆာဂျီယက်ဗနာက မှန်မီးအိမ်ကို ထွန်းလိုက်သည်။ သူမ သည် ဝတ်ပြုပွဲတော် တက်ရောက်ခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်သည်။ သူမ၏မျက်နှာ ဖြူရော်နွမ်းရိနေသည်။ သူမ၏လှုပ်ရှားမှုများ လျော့ရဲပန်းလျ နေကြသည်။ သူမက အနားယူလိုနေပြီ ဖြစ်သည်။ ဆိုဖာတစ်ခုပေါ်တွင်

mgyoe.com

mgyoe.com

သူမထိုင်ချလိုက်သည်။ လက်နှစ်ဖက်ကို ဒူးပေါ်တွင် တင်ထားလိုက်သည်။ ထို့နောက် ငေးမိငေးရာ ငေးနေတော့သည်။

သူသည် အရုပ်ဆိုးအကျည်းတန်တစ်ဦး ဖြစ်ကြောင်း လက်ပတစ်သိရှိသည်။ သူက အရုပ်ပုသည်။ ကိုယ်လုံးသေးသည်။ ပါးနှစ်ဖက် နီရဲနေသည်။ ဆံပင်ပါးသည်။ သူက ရိုးလွန်းသဖြင့် ရိုင်းသလိုပင် ရှိနေသည်။ အမျိုးသမီးလောကတွင် သူက အချိုးအစားမကျပါ။ အပိုစကားတွေ များနေသည်။ အမူအရာတွေ ထူးခြားနေသည်။ သည်အတွက် ယခုအခါ သူ့ကိုယ်သူ မုန်းတီးနေမိသည်။ သူနှင့် နေရသည့်အတွက် ယူလီယာ မငြီးငွေ့စေချင်ပါ။ သူတစ်ခုခု ပြောဖို့လိုသည်။ သို့သော် ဘာပြောရမည်နည်း။ အစ်မနေမကောင်းသည့် အကြောင်းကိုပဲ ပြောရမည်လား။

နောက်ဆုံးတွင် ပြောနေကျဖြစ်သော ဆေးဝါးများအကြောင်းကိုပင် သူ ပြောသည်။ ထို့နောက် ကျန်းမာရေးအကြောင်း အမွှမ်းတင်သည်။ ထို့နောက် မော်စကိုမြို့တွင် ညအိပ်တည်းခိုဆောင် တစ်ခုဆောက်ရန် ကြံစည်နေသည်မှာ ကြာပြီဖြစ်ကြောင်း ပြောသည်။ ယခုအခါ ခန့်မှန်းခြေ ကုန်ကျမည့် ငွေကိုပင် တွက်ချက်ပြီးပြီဟု ဆိုသည်။ သူ၏အစီအစဉ်အရဆိုလျှင် အလုပ်သမားတစ်ယောက်သည် ငါးကိုပက်၊ ခြောက်ကိုပက်မျှ ကုန်ကျရုံမျှဖြင့် တစ်ညတာ အိပ်စရာနေရာ ရရှိမည်။ ပေါင်မုန့်နှင့် အသီးအရွက် စွပ်ပြုတ်ပူပူလည်း ရရှိနိုင်မည်ဖြစ်သည်။ ခြောက်သွေ့သော အိပ်ရာတစ်ခုနှင့် စောင်တစ်ထည် ရရှိမည် ဖြစ်သည်။ စိုစွတ်နေသော ဖိနပ်များနှင့် အဝတ်အစားများကို ခြောက်သွေ့အောင် လှန်းနိုင်ရန် နေရာတစ်နေရာလည်း ရရှိမည်ဖြစ်သည်။

ယူလီယာသည် ထုံးစံအတိုင်းပင် သူ၏မျက်မှောက်တွင် တိတ်ဆိတ်လျက်ရှိသည်။ သူက အချစ်စိတ်ဖုံးလွှမ်းနေသူ တစ်ဦးအနေဖြင့် သူမ၏အတွေးများနှင့် သူမ၏အကြံအစည်များကို မှန်းဆလျက်ရှိသည်။ အကယ်၍ သူမသည် ညနေ ဝတ်ပြုပွဲမှ အိမ်ကို အဝတ်အစားလဲလှယ်ရန်နှင့် လက်ဖက်ရည်သောက်ရန် ပြန်မလာခဲ့လျှင် သူမကို တစ်နေရာရာမှာ ဖိတ်ကြားထားသောကြောင့်ပင် ဖြစ်ပေမည်။

"ဒါပေမဲ့ အဲဒီညအိပ် တည်းခိုဆောင်ဆောက်ဖို့ ကျွန်တော် အလောတကြီး မလုပ်ဘူး၊ လောလောဆယ်အတွင်းမှာ မလုပ်သေးဘူး၊ ဘာဖြစ်လို့

mgyoe.com

mgyoe.com


လဲဆိုတော့ အကျိုးပြုလုပ်ငန်းတွေ အားလုံးကို လိုက်ပြီးဖျက်ဆီးပစ်နေတဲ့ မော်စကိုက အစွန်းရောက်သမားတွေနှင့် အမျိုးသမီး လူမှုဝန်ထမ်း အကျိုးဆောင်ကြီးတွေရဲ့ လက်ထဲကို ကျွန်တော်တို့ရဲ့ ညအိပ်တည်းခိုဆောင် ရောက်သွားမှာစိုးလို့ပဲ"

လက်ပတစ်က ဆရာဝန်ကြီးဘက်သို့ လှည့်ပြီး ကသိကအောက် စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်သည်။ ဆရာဝန်ကြီးက သူ့ကို ဇဝေဇဝါ မရေမရာဖြင့် ကြည့်နေသည်။ အဘယ်ကြောင့် သူ့အား ကျန်းမာရေးနှင့် ဆေးဝါးများအကြောင်း ပြောနေရသနည်းဟု စဉ်းစားနေသည်။

ယူလီယာ ထိုင်ရာမှထလိုက်ပြီး လက်ပတစ်အား သူမ၏လက်ကို ကမ်းပေးရင်း

"ဘယ်လိုမှတော့ စိတ်မရှိပါနှင့်နော်၊ ကျွန်မ အပေါ်ထပ်ကိုသွားတော့မယ်၊ အစ်မကို ကျွန်မ မေးလိုက်တယ်လို့ ပြောပါ"

"ရှူ.... ရှူ.... ရှူ.... ရှူ.... ရှူ.... ရှူ.... ရှူ.... ရှူ"

ဒေါက်တာ သီချင်းဆိုနေသည်။

ယူလီယာ အခန်းထဲမှ ထွက်သွားသည်။ လက်ပတစ်လည်း မျက်နှာချင်းဆိုင်ဆိုသလိုပင် ဒေါက်တာကို နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့သည်။ လူတစ်ယောက်အနေနှင့် အဆင်မပြေ အချိုးမကျ စိတ်ထဲမှာမကျေမနပ် ဖြစ်ရသောအချိန်တွင် သံပရာရနံ့၊ ညအရိပ်၊ တိမ်တိုက်တို့သည် သူ့အဖို့ ဘာမျှအရာမထင်ကြတော့ပါ။ သဘာဝအလှအပများ အားလုံးသည် ဘာမျှမထူးခြားကြတော့ပါ။

လက အတော်ကလေး မြင့်နေပြီ။ တိမ်တိုက်တွေက လရောင်အောက်တွင် ပြေးလွှားနေကြသည်။

"တောအရပ်က လက ဘာမှလည်းမလှဘူး၊ တိမ်တိုက်တွေကလည်း ပါးပါးလှပ်လှပ် ကလေးတွေ"

လက်ပတစ် စိတ်ထဲမှာ ပြောလိုက်သည်။

ဆေးဝါးအကြောင်းနှင့် ညအိပ်တည်းခိုဆောင်အကြောင်း ပြောမိသည့်အတွက် သူ အရှက်ကြီး ရှက်နေမိသည်။ မနက်ဖြန်ကျတော့လည်း ဒီအတိုင်းပင် ဘာမျှအစီပွာယ်ရှိမည် မဟုတ်သည်ကို တွေးမိနေသည်။ မနက်ဖြန်ကျ

mgyoe.com

mgyoe.com


လျှင် ယခုလိုပင် သူမနှင့် တွေ့ရမည်။ စကားပြောရမည်။ ပြီးတော့ သူသည် သူမအတွက် လူစိမ်းတစ်ယောက်ပဲ ဖြစ်နေမည်။ နောက်တစ်နေ့ကျတော့ ကော။ သည်အတိုင်းပင် ဖြစ်သည်။ အဘယ်ကြောင့်နည်း။ သည်ပြဿနာများ မည်သည့်အချိန်တွင် မည်ကဲ့သို့ အဆုံးသတ်ချေမည်နည်း။

အိမ်သို့ ရောက်ရှိသောအခါ အစ်မကို သွားတွေ့သည်။ နီနာဖီဒိုရော့ဗနာကို ကြည့်ရသည်မှာ ယခုထက်အထိပင် မာမာချာချာကြီးပင် ဖြစ်သည်။ သန်သန်မာမာ တောင့်တောင့်တင်းတင်းကြီးပင် ဖြစ်သည်။ သို့သော် အသားအရေများ ဖြူရော်နေသည်ကတော့ လူသေကောင်တစ်ကောင်နှင့် တူနေသည်။ အထူးသဖြင့် ယခုကဲ့သို့ ပက်လက်လှန်အိပ်ပြီး မျက်လုံးများကို မှိတ်ထားသောအခါတွင် ဖြစ်သည်။ သူမ၏အနီးတွင် သူမ၏ သမီးကြီးဖြစ်သော အသက်ဆယ်နှစ်အရွယ် ဆာရှာသည် စာညွှန့်ပေါင်းစာအုပ်ကို ကျယ်လောင်စွာ ဖတ်ပြလျက် ရှိသည်။

"အလက်ရှာ လာပြီ"

လူမမာက တီးတိုးပြောလိုက်သည်။

ဆာရှာနှင့် သူမ၏ဦးလေးအကြားတွင် တစ်ယောက်ကို တစ်ယောက် ထုတ်ဖော်ပြောဆိုခြင်း မပြုဘဲ နားလည်မှုတစ်ခု ရှိနေခဲ့သည်မှာ ကာလအတန်ကြာပေပြီ။ တစ်ယောက်တစ်လှည့်စီ တာဝန်ယူကြခြင်းပင် ဖြစ်သည်။ သို့ဖြင့် ဆာရှာသည် စာညွှန့်ပေါင်းစာအုပ်ကို ပိတ်ပြီး တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ အခန်းထဲမှ တိတ်ဆိတ်ငြိမ်သက်စွာ ထွက်သွားသည်။

လက်ပတစ်က သမိုင်းနောက်ခံ ဝတ္ထုစာအုပ်တစ်အုပ်ကို ဗီရိုထဲမှ ထုတ်ယူလိုက်သည်။ မှတ်ထားသော စာမျက်နှာကို ရှာဖွေသည်။ ထို့နောက် ထိုင်လိုက်ပြီး ခပ်ကျယ်ကျယ်ကလေး ဖတ်နေတော့သည်။

နီနာဖီဒိုရော့ဗနာသည် မော်စကိုမြို့သူတစ်ဦး ဖြစ်သည်။ သူမနှင့် သူမ၏မောင်ငယ်နှစ်ဦးတို့သည် ၎င်းတို့၏ ကလေးဘဝနှင့် လူငယ်ဘဝများ တစ်လျှောက်လုံးပင် ပြတ်တနိစကာယာလမ်းရှိ ၎င်းတို့၏ မိသားစုနှင့်အတူ နေထိုင်ခဲ့ကြရသည်။ ၎င်းတို့၏မိသားစုမှာ ကုန်သည်များ ဖြစ်ကြသည်။ ၎င်းတို့၏ကလေးဘဝသည် ပျင်းရိဖွယ်ရာနှင့် ငြီးငွေ့ဖွယ်ရာ ဖြစ်သည်။

သူမ၏ဖခင်သည် စည်းကမ်းကြီးပြီး သူမကို သုံးကြိမ်တိုင်တိုင် ရိုက်

mgyoe.com

mgyoe.com


နက် ဆုံးမခဲ့သည်။ သူမ၏မိခင်သည် နာတာရှည်ရောဂါ ခံစားနေရပြီး နောက်ဆုံးတွင် ကွယ်လွန်သွားသည်။ အစေခံများအားလုံးပင် ညစ်ပတ်ကြသည်။ ရိုင်းစိုင်းကြသည်။ လိမ်ညာကောက်ကျစ်ကြသည်။ သူတို့က ရတာအကုန်စား၊ ရတာအကုန်သောက်ကြပြီး ၎င်းတို့အနေနှင့် နည်းနည်းကလေးမျှ မနှစ်သက်သော သူမတို့၏ဖခင်ကို ပေါ်ပေါ်ထင်ထင်ကြီးပင် မြှောက်ပင့်ခစားကြသည်။

ယောကျ်ားကလေး နှစ်ယောက်မှာမူ ကံကောင်းသည်ဟု ဆိုရမည်။ ပုဂ္ဂလိက အထက်တန်းကျောင်းသို့ သွားကြရသည်။ နီနာကမူ ပညာမတတ်သူတစ်ဦး ဖြစ်ရသည်။ သူမမှာ စာကို ကြောင်ခြစ်သလိုသာ ခြစ်ရပြီး သမိုင်းနောက်ခံ ဝတ္ထုများကိုသာ ဖတ်ရသည်။

သူမအသက် ၂၂ နှစ်အရွယ်တွင်မူ လက်ရှိခင်ပွန်းသည်ဖြစ်သူ မြေပိုင်ရှင် ပါနာရော့ကို ကင်ကီရှိ နွေရာသီအိမ်တွင် တွေ့ရပြီး ချစ်ကြိုက်ခဲ့သည်။ ဖခင်၏အလိုကို ဆန့်ကျင်ပြီး တိတ်တဆိတ် လက်ထပ်ခဲ့သည်။ လွန်ခဲ့သော ၁၇ နှစ်က ဖြစ်သည်။

ပါနာရော့သည် ရုပ်ရည်ချောမောပြီး သူလုပ်ချင်ရာကို လုပ်တတ်သူ တစ်ဦးဖြစ်သည်။ သူ၏ စီးကရက်ကို ဘုရားစင်တွင် ထွန်းထားသော မီးအိမ်တွင် မီးညှိပြီး လေကလေး တချွန်ချွန်နှင့် နေတတ်သည်။ သူသည် သူမ၏ဖခင်အမြင်တွင်မူ မည်သို့မျှ တန်ဖိုးမရှိသူတစ်ဦး ဖြစ်သည်။

သမက်ဖြစ်သူက နောက်ပိုင်းတွင် စာရေးပြီး သတို့သမီးခန်းဝင်ကြေးတောင်းခံသောအခါ အဘိုးကြီးက သမီးဖြစ်သူထံ စာရေးပြီး သိုးမွေးဝတ်ရုံ တစ်ထည်၊ သူမ၏မိခင်၏ ပစ္စည်းများနှင့် ရူဗယ်သုံးသောင်း ပို့လိုက်ကြောင်း စာရေးသည်။ သို့သော် မိဘ၏သဘောတူညီမှုကိုကား မပေးချေ။ နောက်ပိုင်းတွင် ရူဗယ်နှစ်သောင်း ထပ်ပေးသည်။

ပါနာရော့သည် ယင်းပိုက်ဆံများနှင့် ခန်းဝင်ပစ္စည်းများကို သုံးဖြုန်းပြီးနောက် နွေရာသီအိမ်နှင့် ခြံကိုရောင်းချကာ ဤမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်သည်။ သူသည် ဤမြို့မှာပင် နောက်မိန်းမယူသည်။ တရားဝင်မဟုတ်သော မိသားစုနှင့် ပြောင်ပြောင်တင်းတင်းပင် နေထိုင်သဖြင့် လူတွေ၏ နေ့စဉ်အတင်းပြောခြင်းကို

mgyoe.com

mgyoe.com

ခံရသည်။

နီနာဖိဒိုရော့ဗနာက လင်ယောက်ျားကို ဘုရားလို ကိုးကွယ်သူဖြစ်သည်။ ယခုလည်း မောင်ဖြစ်သူ ဖတ်ပြနေသော သမိုင်းနောက်ခံဝတ္ထုကို နားထောင်ရင်း သူမ၏ဘဝကို အဘယ်မျှ ပင်ပင်ပန်းပန်း ဖြတ်သန်းရပုံ၊ အဘယ်မျှ စိတ်ဒုက္ခခံစားရပုံတို့ကို တွေးမိပြီး အကယ်၍ တစ်စုံတစ်ယောက်ကသာ သူမ၏ ဘဝဇာတ်လမ်းကို ရေးသားခဲ့လျှင် အဘယ်မျှ သနားစရာကောင်းချေမည်နည်းဟု စဉ်းစားနေမိသည်။

အကြောင်းမှာ သူမ၏ကင်ဆာအကျိတ်သည် သူမ၏ရင်ထဲတွင် ရှိနေသဖြင့် ဤဝေဒနာသည် အချစ်မှပေါက်ဖွားလာကြောင်း၊ သူမ၏ အိမ်ထောင်ရေး ဘဝမှပေါက်ဖွားလာကြောင်း၊ မျက်ရည်များနှင့် မနာလိုဝန်တိုမှုများသာ ဖြစ်ကြောင်းကို သူမက ကောင်းကောင်းကြီး ယုံကြည်လျက် ရှိပါသည်။

ထိုစဉ်မှာပင် လက်ပတစ်က စာအုပ်ကို ပိတ်လိုက်ပြီး...

"ပြီးပါပြီ၊ ဘုရားသခင် ကောင်းချီးပေးပါစေ၊ မနက်ဖြန်ကျမှ နောက်တစ်ပုဒ် စကြမယ်"

နီနာ ရယ်မောသည်။ သူမက ရယ်မောတတ်သူ တစ်ဦးဖြစ်သည်။ သို့သော် နေမကောင်းဖြစ်လာသည့် နောက်ပိုင်းတွင် သူမက ဘာမဟုတ်တာကလေးနှင့်လည်း ရယ်မောတတ်ကြောင်း၊ ဘာမျှမဟုတ်ဘဲနှင့်လည်း ရယ်မောတတ်ကြောင်းကို လက်ပတစ် သတိထားမိခဲ့သည်။

"ညနေစာစားချိန် မတိုင်ခင်ကလေးက မောင်လေး အပြင်သွားနေတုန်းက ယူလီယာ လာတယ်၊ သူ့အဖေကို သူသိပ်ပြီး ယုံကြည်ပုံမရဘူး။ သူက ပြောတယ်၊ ဖေဖေကုတာလည်း ကုပါစေတဲ့၊ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ရသေ့ကြီးတစ်ပါးဆီကို ဆုတောင်းမေတ္တာပို့ပေးဖို့ တိတ်တိတ်ကလေး စာရေးပါတဲ့၊ သူတို့ ရသေ့ကြီးတစ်ပါးကို တွေ့ပြီး ကိုးကွယ်နေကြတယ်၊ ယူလီယာ သူ့ထီးကို ဒီမှာမေ့ကျန်သွားတယ်၊ မနက်ဖြန်ကျရင် မောင်လေးက ယူသွားပြီး ပေးလိုက်ပါ" နီနာ ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက် "မရပါဘူး၊ ဘဝ နိဂုံးချုပ်လာပြီဆိုရင် ဆရာဝန်ကလည်း မကယ်နိုင်ဘူး၊ ရသေ့ကြီးလည်း မကယ်နိုင်ပါဘူး"

"နီနာ၊ မမ ညကျရင် ဘာဖြစ်လို့မအိပ်တာလဲ"

mgyoe.com

mgyoe.com


လက်ပတစ်က စကားလမ်းကြောင်း ပြောင်းသည့်အနေဖြင့် မေးလိုက်သည်။

"အိပ်မရလို့ပဲပေါ့၊ ငါမအိပ်ဘူး၊ ငါအိပ်ရာထဲမှာ လှဲပြီး စဉ်းစားနေတယ်"

"မမ ဘာတွေစဉ်းစားနေတာလဲ"

"ကလေးတွေအကြောင်း၊ မောင်လေးအကြောင်း၊ ငါ့ဘဝအကြောင်း။ မောင်လေးသိပါတယ်၊ အလက်ရှာ၊ ငါ့ဘဝဟာ ဘယ်လောက်ဆိုးသလဲဆိုတာ မောင်လေးလည်း အသိပဲ၊ မောင်လေးလည်း အသိပဲ..... ကလေးငါးယောက်မွေးပြီး သုံးယောက် ဆုံးပါးခဲ့ရတယ်ဆိုတာ အတော်မသက်သာတဲ့အလုပ်၊ နောက်ပြီးတော့ ငါကလေးမွေးရမယ့်အချိန်မှာ ဂရိဂိုရီအိမ်မှာ မရှိဘူး၊ ဟိုမိန်းမအိမ်မှာ ရောက်နေတယ်၊ ဝမ်းဆွဲဆရာမတစ်ယောက် ဒါမှမဟုတ် အရပ်လက်သည်တစ်ယောက် ခေါ်ခိုင်းရအောင် လူမရှိဘူး။ အိမ်ဖော်မကို မီးဖိုထဲမှာ မောင်လေး သွားရှာတယ်၊ အိမ်ရှေ့ခန်းမှာ မောင်လေးသွားရှာတယ်၊ သူ့ကို စောင့်နေတဲ့အကြွေးရှင်တွေ ပစ္စည်းရှင်တွေ၊ ရေဝတီတွေကိုပဲ မောင်လေး တွေ့ရတယ် မဟုတ်လား၊ မောင်လေး ခေါင်းနောက်သွားရတယ် မဟုတ်လား၊ သူ့ပါးစပ်က ထုတ်မပြောပေမဲ့ သူ ငါ့ကို နည်းနည်းကလေးမှ မချစ်ဘူး၊ အခုတော့ ငါ နားလည်သွားပါပြီ၊ ရင်ထဲမှာ အနည်ထိုင်သွားပါပြီ၊ ဒါပေမဲ့ စောစောပိုင်းကတော့.... ငယ်ငယ်တုန်းကတော့ အင်မတန် အခံရဆိုးတာပဲ၊ မောင်လေးရယ်၊ တကယ်ကို အခံရဆိုးတာပဲ၊ တစ်ခါတုန်းက နွေရာသီအိမ်မှာ နေကြတုန်းက သူ့ကို အမျိုးသမီးတစ်ယောက်နဲ့အတူ ပန်းခြံထဲမှာ တွေ့ရတယ်၊ ငါ တခြားကိုထွက်သွားတယ်။ ခြေဦးတည့်ရာကို ထွက်သွားတယ်။ ဘယ်လိုက ဘယ်လိုလုပ်ပြီး ဘုရားရှိခိုးကျောင်းတစ်ခုကို ရောက်သွားတယ်ဆိုတာ ငါမသိဘူး။ ငါ ဒူးထောက်ပြီးထိုင်ချလိုက်တယ်။ အို ကောင်းကင်ဘုံက အရှင်သခင်လို့ ငါရွတ်ဆိုလိုက်တယ်၊ အပြင်ဘက်မှာ ညဟာ လသာနေတယ်..."

သူမ ပန်းလာသည်။ မောလာသည်။ အတော်ကလေးကြာအောင်နား နေပြီးမှ သူမက မောင်ငယ်လက်ကို ဆွဲယူကာ ယဲ့ယဲ့ကလေး ပြောသည်။

"မောင်လေးဟာ တကယ်ကောင်းတာပဲ၊ တကယ်ပညာရှိတာပဲ၊

mgyoe.com

mgyoe.com

တကယ်ကိုတော်တာပဲ"

ညသန်းခေါင်အချိန်တွင် လက်ပတစ်သည် ယူလီယာ မေ့ကျန်ခဲ့သော ထီးကိုယူပြီး အစ်မ၏အခန်းမှ ထွက်ခဲ့သည်။ ညအချိန်မတော် မိုးကြီးချုပ်နေပြီဖြစ်သော်လည်း အစေခံများ အားလုံးပင် ယောကျ်ားများရော မိန်းမများရောပင် ထမင်းစားခန်းတွင် လက်ဖက်ရည်သောက်လျက် ရှိကြသည်။ ဘယ်လောက်များ စည်းကမ်းပျက်နေကြသနည်း။ ကလေးတွေလည်း နိုးနေကြပြီး ထမင်းစားခန်းထဲမှာပင် ထိုင်နေကြသည်။ အခန်းတွင်းရှိ လူအားလုံးပင် လေသံတိုးတိုးလေးများဖြင့် စကားပြောနေကြပြီး မှန်အိမ်မီးငြိမ်းတော့မည်ကို မသိဘဲ ရှိနေကြသည်။

၎င်းတို့အားလုံးပင် လူကြီးများရော ကလေးများရောပင် မကောင်းသော အရိပ်လက္ခဏာများကြောင့် ကသိကအောက် ဖြစ်နေကြသည်။ စိတ်ဆင်းရဲ ညှိုးငယ်နေကြသည်။ ဧည့်ခန်းငယ်အတွင်းရှိ မှန်သည်ကွဲနေပြီ။ ရေနွေးအိုးကြီးသည် အမြဲတမ်းလိုပင် ဆူလျက်ရှိသည်။ ယခုအချိန်အထိလည်း ဆူနေဆဲပင် ဖြစ်သည်။ နီနာဖီဒိုရော့ဗနာ အဝတ်အစားများ လဲလှယ်စဉ်တွင် သူမ၏ဖိနပ်တွင်းမှ ကြွက်တစ်ကောင် ခုန်ထွက်လာသည့်အကြောင်းကို ပြောနေကြသည်။ ဤအချက်အလက်များသည် မကောင်းသော အတိတ်နိမိတ်များ ဖြစ်ကြောင်းကို ယခုအခါတွင် ကလေးများပင် သိရှိနေကြပြီဖြစ်သည်။

အသားညိုညို၊ ဆံပင်နက်နက်နှင့် ပိန်ပိန်ပါးပါးဖြစ်သော အကြီးမဆာရှာသည် စားပွဲတွင် မလှုပ်မရှောက် ထိုင်နေပြီး သူမ၏မျက်နှာသည် ထိတ်လန့်ကြေကွဲလျက် ရှိပါသည်။ ခုနစ်နှစ်အရွယ် အသားဖြူဖြူ၊ ဆံပင်ဖျော့ဖျော့နှင့် ဝဝတုတ်တုတ်ကလေး ဖြစ်သော အငယ်မ လီဒါမှာမူ အစ်မဖြစ်သူ၏အနီးတွင် ထိုင်ပြီး မီးဖိုမှမီးကို စိုက်ကြည့်နေပါသည်။

လက်ပတစ်သည် သူ နေထိုင်ရာအောက်ထပ်သို့ လှေကားမှ ဆင်းခဲ့သည်။ အောက်ထပ်ရှိ အခန်းများသည် အမိုးနိမ့်ပြီး အမြဲတမ်းဆိုသလိုပင် မွန်းကျပ်နေကာ ဂျီရေနီယမ် ပန်းရနံ့များ စူးရှလျက်ရှိသည်။ သူ၏ဧည့်ခန်းထဲတွင် နီနာ၏ခင်ပွန်းဖြစ်သူ ပါရာနော့ထိုင်ပြီး သတင်းစာဖတ်နေသည်။ လက်ပတစ်က ၎င်းအား ခေါင်းညိတ်ပြလိုက်ပြီး ၎င်းနှင့်မျက်နှာချင်းဆိုင်တွင်

mgyoe.com

ထိုင်လိုက်သည်။ နှစ်ယောက်စလုံးပင် တိတ်ဆိတ်လျက် ရှိကြသည်။ သူတို့နှစ်ယောက် သည်အတိုင်းပင် တစ်ညချမ်းလုံးလိုပင် စကားမပြောဘဲ နှုတ်ဆိတ်နေတတ်ကြသည်။ ဤကဲ့သို့ နှုတ်ဆိတ်နေခြင်းက ၎င်းတို့ကို အနှောင့်အယှက် မဖြစ်ပါချေ။

မိန်းကလေးနှစ်ယောက်သည် ၎င်းတို့ကို အိပ်ရာဝင်နှုတ်ဆက်ရန် အောက်ထပ်သို့ ဆင်းလာကြသည်။ ပါနာရှေ့က တိတ်တိတ်ဆိတ်ဆိတ်နှင့် ဖြည်းဖြည်းအေးအေးပင် မိန်းကလေးနှစ်ယောက်စလုံး၏ ကိုယ်ပေါ်တွင် လက်ဝါးကပ်သင်္ကာန် အကြိမ်ကြိမ် ပြုလုပ်ပြီးနောက် မိန်းကလေးနှစ်ယောက် နမ်းရှုပ်ရန် သူ့လက်ကို ဆန့်တန်းပေးသည်။ မိန်းကလေးနှစ်ယောက်က အမျိုးသမီးများ ဂါရဝပြုသည့်နည်းအတိုင်း ခြေထောက်တစ်ဖက်ကို နောက်သို့ဆုတ်ကာ ဒူးနှစ်ဖက်ကွေးပြီး ဦးခေါင်းကိုညွတ်ကာ အလေးပြုလိုက်ကြသည်။ ထို့နောက် လက်ပတစ်ထံသို့ သူတို့ သွားရောက်ကြသည်။ လက်ပတစ်ကလည်း အလားတူပင် လက်ဝါးကပ်သင်္ကာန်ပြုလုပ်ပြီး သူ့လက်ကို ၎င်းတို့နမ်းရှုပ်ရန် ကမ်းပေးသည်။ ဤကဲ့သို့ နမ်းရှုပ်ခြင်းနှင့် ဦးညွတ်အလေးပြုခြင်းများသည် ညစဉ်ညတိုင်း ပြုလုပ်နေကျများပင် ဖြစ်သည်။

မိန်းကလေးများ ထွက်သွားကြသောအခါ ပါနာရှေ့က သတင်းစာကို ချလိုက်ပြီး...

"ကိုယ်တို့ရဲ့ ဘုရားသခင်က တကယ်ပျင်းစရာကောင်းတာပဲ၊ ကိုယ်အတပ်ပြောမယ်" ထို့နောက် သက်ပြင်းတစ်ချက်ချလိုက်ပြီး "မောင်ရင့်အနေနဲ့ ထွက်ပေါက်တစ်ခုကို တွေ့သွားတာ ကိုယ်တကယ်ပဲ ဝမ်းသာပါတယ်"

"အစ်ကို ဘာကိုဆိုလိုတာလဲ"

"မောင်ရင် မနေ့က ဒေါက်တာ ဗီလာဗင်ရဲ့အိမ်ထဲက ထွက်လာတာ ကိုယ်တွေ့လိုက်တယ်၊ မောင်ရင့်အနေနှင့် အဘိုးကြီးနှင့် တွေ့ရအောင် သွားတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"မှန်ပါတယ်"

လက်ပတစ် မျက်နှာနီမြန်းလျက် ပြန်ဖြေသည်။

"အဲဒါ အမှန်ပဲပေါ့၊ ဒါပေမဲ့ စကားမစပ် ပြောရရင် မောင်ရင့်အနေနှင့် ဒီလိုအတ္တဘောကြီးမျိုးကို နေ့ခင်းကြောင်တောင်ကြီးမှာ မီးထွန်းရှာတောင်

mgyoe.com

mgyoe.com

ဘယ်မှာမှ မတွေ့နိုင်ဘူး။ တကယ့်ကို အချိုးအစားမကျတဲ့၊ တကယ့်ကို ကပိုကရိုနိုင်တဲ့။ တကယ့်ကို အသုံးမကျတဲ့ သတ္တဝါကြီးပဲ။ မောင်ရင်တို့ မြို့မှာနေတဲ့လူတွေကတော့ ကျေးလက်ဒေသကို ကဗျာဆန်ဆန် လွမ်းနေကြတယ်၊ သဘာဝအလှတွေကို တမ်းတနေကြတယ်၊ *အင်တွန်ဂိုရီမီတာ ကို ဖတ်ပြီး သဘောကျနေကြတယ်၊ ဒါပေမဲ့ ကိုယ့်အနေနဲ့ အမှန်အတိုင်း ပြောရရင်တော့ ဘာတစ်ခုမျှ ကဗျာဆန်တာမရှိဘူး၊ ရိုင်းစိုင်းတာတွေပဲ ရှိတယ်၊ အောက်တန်းကျတာတွေပဲ ရှိတယ်၊ အသုံးမကျတာတွေပဲ ရှိတယ်။ တခြားဘာမှမရှိဘူး။ ဒီမှာ ပညာတတ်လူတန်းစားတွေဆိုလို့ ယဖ်ပူဇော်တဲ့ ဘုန်းကြီးတွေပဲ ရှိတယ်။ မောင်ရင် စဉ်းစားကြည့်စမ်း၊ ဒီမြို့မှာ ဆရာဝန် နှစ်ဆယ့်ရှစ်ယောက် ရှိတယ်။ သူတို့မှာ အိမ်ပိုင်ရာပိုင်တွေနှင့် စီးပွားဖြစ်နေကြတယ်။ ဒါပေမဲ့ လူထုကြီးရဲ့ကျန်းမာရေး အခြေအနေကတော့ အရင်ကအတိုင်း ပစ်စလက်ခတ်ပဲ၊ ဒီမှာ နီနှာ ခွဲစိတ်ကုသရတယ်။ အငယ်ကလေးပဲ။ ဒါပေမဲ့ ဒီက ဆရာဝန်တစ်ယောက်မှ မခွဲနိုင်ဘူး။ မော်စကိုက ခွဲစိတ်ကုဆရာဝန် တစ်ယောက်ကို ခေါ်ရတယ်။ သူတို့ ဘာမှမသိဘူး၊ ဘာမှနားမလည်ဘူး၊ ဘာမှစိတ်မဝင်စားဘူး၊ ဥပမာတစ်ခု ကိုယ်ပြောမယ်၊ ကင်ဆာရောဂါဆိုတာ ဘာလဲလို့ သူတို့ကို မေးကြည့်စမ်းပါ၊ ဘာကြောင့်ဖြစ်တာလဲဆိုတာ မေးကြည့်စမ်းပါ"

ထို့နောက် ပါနာရော့က ကင်ဆာအကြောင်း ရှင်းပြသည်။ သူက သိပ္ပံပညာရပ်များအားလုံးကို နှံ့စပ်ကျွမ်းကျင်သူ ဖြစ်သည်။ သူက အကြောင်းအရာအားလုံးကို သိပ္ပံနည်းကျ ရှင်းပြသည်။ မည်သည့်ဘာသာရပ်ကိုမဆို ဖြစ်သည်။ သူသည် သူ့နည်းသူ့လမ်း သူ့သဘောထားနှင့် ရှင်းပြခြင်း ဖြစ်သည်။ ပါဏဗေဒမှာလည်း သူပိုင်သီအိုရီနှင့်ပင် ဖြစ်သည်။ ဓာတုဗေဒမှာလည်း သူပိုင်သီအိုရီနှင့်ပင် ဖြစ်သည်။ နက္ခတ္တဗေဒတွင်လည်း အလားတူပင် ဖြစ်သည်။ သူက ဖြည်းဖြည်းကလေးပြောသည်။ တိုးတိုးကလေး ပြောသည်။ လက်ခံအောင်ပြောသည်။ "မောင်ရင် သဘောပေါက်မှာမဟုတ်ဘူး" ဟူသော စကားလုံးကို တောင်းပန်သည့် လေသံဖြင့်ပြောသည်။ မျက်လုံးများကို စွေ

* ဒိမ်ယန်ႇ ဗက်ဆီလီဗစ် ဂရိဂိုရီဗစ် (၁၈၂၂–၁၉၀၀)၏ဝတ္ထု

mgyoe.com

mgyoe.com


စောင်းပြီး ကြည့်သည်။ ရှင်ဘုရင်တစ်ပါးလို ရာဇပ္လင်္ကေတစ်ခွဲသားနှင့် ပြုံးသည်။ သူက သူ့ကိုယ်သူ အကျေနပ်ကြီး ကျေနပ်နေသူ ဖြစ်သည်။ သူ့ကိုယ်သူ အသက်ငါးဆယ်ရှိနေပြီဆိုသည့်အချက်ကို နည်းနည်းကလေးမျှ ထည့်သွင်းမစဉ်းစားသူ ဖြစ်သည်။

"ကျွန်တော့်ဗိုက်ထဲမှာ ဆာသလိုလိုပဲ၊ တစ်ခုခု ခပ်လေးလေးကလေး စားထားလိုက်ရရင် သိပ်ကောင်းမှာပဲ"

"ဘာဖြစ်လဲ၊ ဆာရင်စားပေါ့၊ အခု လုပ်ခိုင်းလိုက်ရင် ရတာပဲ"

ထို့နောက် ခဏအကြာတွင် လက်ပတစ်နှင့် သူ၏ယောက်ဖတို့သည် အပေါ်ထပ် ထမင်းစားခန်းတွင် ညလယ်စာစားလျက် ရှိကြတော့သည်။

လက်ပတစ်သည် ဖော့ဒကာအရက်ပြင်း တစ်ခွက်သောက်ပြီးနောက် ဝိုင်ကိုဆက်ပြီး သောက်နေသည်။ ပါနာရော့ကမူ ဘာမျှမသောက်ပါ။ သူက အရက်မသောက်တတ်ပါ။ ဖဲမရိုက်တတ်ပါ။ သို့တစေလည်း သူပိုင်ပစ္စည်းများရော သူ့မိန်းမပိုင်ပစ္စည်းများရော အားလုံးကုန်ပြီး ကြွေးတွေ တောင်လိုပုံနေတော့သည်။ သည်လိုအချိန်တိုကလေးအတွင်းမှာ သည်မျှပိုက်ဆံကုန်အောင် သုံးပစ်နိုင်ဖို့က အထူးအရည်အချင်းတစ်ခုရှိဖို့ လိုအပ်ပါသည်။

ပါနာရော့က အစားကောင်းကောင်း ကြိုက်သည်။ ပန်းကန်ခွက်ယောက် ကောင်းကောင်းတွေ ကြိုက်သည်။ ညစာစားပွဲကြီးတွေ၊ ဂီတတွေ၊ မိန့်ခွန်းတွေကို သဘောကျသည်။ ပြီးတော့ အခြေအရံ အစေအပါးတွေ၏ ခဝပ်တွားမှုကို သာယာသည်။ အဲဒီလိုလူတွေကို ရူဗယ်ငွေ နှစ်ဆယ်အစိတ် လွယ်လွယ်ကလေး ပေးပစ်သည်။ အရစ်ကျစနစ်များနှင့် ကံစမ်းပွဲများအားလုံးတွင် သူပါဝင်သည်။ မိတ်ဆွေများ၏ နာမည်တော်နေ့များသို့ ပန်းစည်းများ ပေးပို့သည်။

လက်ဖက်ရည်ပန်းကန်စုံတွေ၊ ရှပ်အင်္ကျီ ကြယ်သီးတွေ၊ လည်စည်းတွေ၊ တုတ်ကောက်တွေ၊ ရေမွှေးတွေ၊ စီးကရက်စွပ်တံတွေ၊ ဆေးတံတွေ၊ ခွေးတွေ၊ ကြက်တူရွေးတွေ၊ ဂျပန်အဆင်တန်ဆာတွေ၊ ရှေးဟောင်းပစ္စည်းတွေကို ဝယ်ယူတတ်သည်။ သူ၏ညဝတ်အင်္ကျီများက ပိုးဖဲကတ္တီပါများ ဖြစ်ကြသည်။ သူ၏ ရင်းတိုက်သား ခုတင်တွင် ကရုကမာတွေ စီခြယ်ထားသည်။ သူ၏ အပေါ်ရုံအင်္ကျီကြီးက တကယ့်အကောင်းစား ဗူကရာဝတ်ရုံကြီး ဖြစ်

mgyoe.com

mgyoe.com
သည်။ ယင်းသို့ဖြင့် သူ့ဘာသူပြောလေ့ရှိသည့်အတိုင်း ငွေတောင်ကြီး ဖြစ်သွားတော့သည်။

ညလယ်စာ စားရင်းလည်း သူက ခေါင်းတယမ်းယမ်း လည်တခါခါနှင့် တညည်းညည်းတညူညူ ရှိနေတော့သည်။

"ဒါပေမဲ့ ဒီလောကကြီးမှာ ဘယ်အရာမဆို အစရှိရင် အဆုံးရှိကြတာချည်းပဲ။ မောင်ရင်ဟာ မိန်းကလေးတစ်ယောက်နဲ့ ချစ်နေမယ်၊ အဲဒီအခါမှာ မောင်ရင်ဟာ အချစ်ဝေဒနာခံစားနေရမယ်၊ မောင်ရင်ဟာ မိန်းကလေး တစ်ယောက်ရဲ့အချစ်ကနေ ဝေးကွာရမယ်၊ အဲဒါဟာ မောင်ရင့်အနေနဲ့ အလှည့်ဖြားခံရတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လောကကြီးမှာ မလှည့်ဖြားတတ်တဲ့ မိန်းမရယ်လို့ မရှိဘူး၊ အဲဒီအခါမှာလည်း မောင်ရင်ဟာ အချစ်ဝေဒနာ ခံစားရမယ်၊ စိတ်ဒုက္ခရောက်ရမယ်၊ နောက်ပြီးတော့ ကိုယ်ကပြန်ပြီး လှည့်ဖြားမယ်၊ ဒါပေမဲ့ ဒါတွေအားလုံးကို အတိတ်မှာထားခဲ့နိုင်တဲ့ အချိန်မှာတော့ မောင်ရင်ဟာ မှန်မှန်ကန်ကန် စဉ်းစားတတ်လာလိမ့်မယ်၊ ဒီပြဿနာတွေဟာ တကယ့် အသေးအဖွဲ့တွေပဲဆိုတာကို မောင်ရင် နားလည်လာလိမ့်မယ်"

အတော်ကလေးလည်း ပင်ပန်းနွမ်းနယ်နေပြီး အတန်ငယ်လည်း မူးနေပြီဖြစ်သော လက်ပတစ်သည် ပါနာရေ့၏ လှပသောဦးခေါင်းနှင့် နက်မှောင်သော မုတ်ဆိတ်မွေးတို့ကိုကြည့်ရင်း အမျိုးသမီးတွေ အဘယ့်ကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသော၊ ကိုယ်ခန္ဓာချောမောလှပသော၊ ပျက်စီးနေသော ဤပုဂ္ဂိုလ်ကို ချစ်ကြ၊ ကြိုက်ကြမှန်းကို မှန်းဆမိနေတော့သည်။

ညလယ်စာ စားပြီးသောအခါ ပါနာရေ့သည် ဤအိမ်မှာမအိပ်ဘဲ သူ၏ အခြားသောအိမ်သို့ ပြန်သွားလေသည်။ လက်ပတစ်က ၎င်းအား လမ်းဆုံအထိလိုက်ပို့သည်။ ဤမြို့တွင် မြင့်မားသော ပိုးသားဦးထုပ်ကို ဆောင်းသူဟူ၍ ပါနာရေ့တစ်ယောက်သာရှိသည်။ ပြတင်းပေါက် သုံးပေါက်သာရှိသော အိမ်ငယ်ကလေး၊ ညို့မှိုင်းသောခြံစည်းရိုးများနှင့် ဖက်ယားချုံများကို နောက်ခံပြုထားသော သူ၏ ကြော့မော့ခံ့ညားသော ပုံပန်းသဏ္ဍာန်၊ မြင့်မားလှပသော ပိုးသားဦးထုပ်နှင့် လိမ္မော်ရောင် လက်အိတ်တို့က သူ့ကို ထူးခြားဆန်းပြားသောနှင့် ညှိုးငယ်ဖွယ်ရာသော အသွင်ကို ဆောင်နေတော့သည်။
mgyoe.com

mgyoe.com


ပါနာရေ့ကို ပို့ခဲ့ပြီးနောက် လက်ပတစ်သည် အေးအေးလူလူပင် လမ်းလျှောက်ပြီး ပြန်လာသည်။ လရောင်က ထိန်ထိန်ညီးနေသည်။ မြက်ခင်းပြင်မှ မြက်ရွက်ကလေးများအားလုံးပင် ရွှန်းစိုလျက်ရှိသည်။ တစ်စုံတစ်ယောက်က သူ၏ခေါင်းပေါ်သို့ ဘဲမွေးနုနုလေးများဖြင့် ဖုံးလွှမ်းပေးလိုက်သည့်အလား ငွေလရောင်ကလည်း ဦးထုပ်မပါသော သူ၏ခေါင်းကို ပွေ့ဖက်ထားလေသလားဟု လက်ပတစ်က ထင်မှတ်မိသည်။

"ငါ သူ့ကို ချစ်နေပြီ"

သူ ကျယ်လောင်စွာ ရွတ်ဆိုလိုက်သည်။

ထို့နောက် သူသည် ရုတ်ခြည်းပင် ပြေးသွားပြီး ပါနာရေ့ကို မီအောင်လိုက်ကာ သူ့ကိုပိုက်ဖက်ကာ၊ သူ့ကိုခွင့်လွှတ်ကာ၊ သူ့ကို ပိုက်ဆံတွေအများကြီးပေးလိုသည့်စိတ်များ ဝင်လာသည်။ ထို့နောက် သူဆက်ပြီးပြေးသည်။ လယ်ကွင်းများကိုဖြတ်ပြီး ပြေးသည်။ သစ်တောများကို ဖြတ်ပြီး ပြေးသည်။ ပတ်ဝန်းကျင်ကို မကြည့်ဘဲ ပြေးနေသည်။

အိမ်သို့ရောက်ရှိသောအခါ ယူလီယာမေ့ထားခဲ့သော ထီးကလေးကို ကုလားထိုင်တစ်လုံးပေါ်မှာ တွေ့မြင်ရသည်။ သူက ထီးကလေးကို ကောက်ယူပြီး အငမ်းမရ နမ်းမိသည်။ ထီးမှာ ပိုးထီးကလေးဖြစ်သည်။ အသစ်ကလေးတော့ မဟုတ်ပါ။ သားရေကွင်း အဟောင်းတစ်ခုဖြင့် စည်းထားသည်။ လက်ကိုင်မှာ တန်ဖိုးမကြီးလှသော သာမန်အရိုးလက်ကိုင် အဖြူဖြစ်သည်။ လက်ပတစ်က ထီးကိုဖွင့်ပြီး သူ့ကိုယ်ပေါ်မှာ ဆောင်းလိုက်သည်။ ပျော်ရွှင်ချမ်းမြေ့မှုဖြင့် လွှမ်းခြုံခြင်းခံရသကဲ့သို့ ရှိသည်။

သူ စိတ်အေးချမ်းသာစွာဖြင့် ထိုင်လိုက်သည်။ ထီးကို သူ့လက်မှ မလွှတ်ဘဲ မော်စကိုရှိ သူငယ်ချင်းတစ်ယောက်ထံ စာရေးသည်။

"ချစ်သော ကော့စယာ၊ မောင်ရင့်ကို ကိုယ်ပြောစရာတွေ ရှိတယ်၊ ကိုယ်ဟာ အချစ်နဲ့ နောက်တစ်ကြိမ် တွေ့နေရပြန်ပြီ၊ နောက်တစ်ကြိမ်လို့ ပြောရတာကတော့ ကိုယ်ဟာ မော်စကိုပြဇာတ်မင်းသမီးတစ်ယောက်ကို ချစ်ခဲ့တယ်၊ ဒါပေမဲ့ ကိုယ်ဟာ သူနှင့် လူချင်းတောင်မတွေ့ခဲ့ရပါဘူး၊ နောက်ပြီးတော့ တစ်ခါကိုယ်ဟာ လွန်ခဲ့တဲ့တစ်နှစ်ခွဲလောက်က တစ်ယောက်သောသူနှင့် အတူနေခဲ့တယ်လေ၊ သူ့ကို မောင်ရင်သိပါတယ်။ သူက အသက်

mgyoe.com

mgyoe.com


မငယ်တော့သလို လှလည်းမလှဘူးပေါ့။ ဪ် သူငယ်ချင်းရယ်၊ ကိုယ်ဟာ အချစ်ရေးမှာ ဘယ်လောက်များ ကံခေလိုက်ပါသလဲ၊ ကိုယ်ဟာ အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး ဘယ်တော့မှ မအောင်မြင်ခဲ့ဘူး၊ ကိုယ့်အနေနဲ့ နောက်တစ်ကြိမ်လို့ ပြောရပေမဲ့ ရင်ထဲမှာ နာကျင်စူးရှစွာနှင့် ဝန်ခံရရင်တော့ ကိုယ့်ရဲ့ ပျိုမျစ်မှုတွေဟာ အချစ်မရှိဘဲနှင့် ကုန်ဆုံးခဲ့ရတယ်။ အမှန်တကယ်ပြောရရင်တော့ ကိုယ်ဟာ အခုမှပဲ တကယ်ပဲ ချစ်နေမိတော့တယ်။ အသက်သုံးဆယ့်လေးနှစ်အရွယ်ကို ရောက်မှပဲ ဆိုပါတော့၊ အဲဒီတော့ ထားလိုက်ပါတော့၊ ကိုယ်ဟာ အချစ်နဲ့ နောက်တစ်ကြိမ် တွေ့နေရပြန်ပြီ"

"သူဟာ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ မောင်ရင် သိစေချင်တယ်၊ သူ့ကိုလှတယ်လို့တော့ မပြောနိုင်ဘူး၊ သူ့မျက်နှာက ဝိုင်းဝိုင်းကြီးပဲ၊ သူ့ကိုယ်ခန္ဓာက သေးသေးကလေးပဲ၊ ဒါပေမဲ့ သူပြုံးလိုက်တဲ့အခါ သူ့မျက်နှာကလေးဟာ ကြည်နေတာပဲ၊ သူစကားပြောတဲ့အခါမှာလည်း သူ့အသံက တကယ်ကိုချိုပြီး လွင်နေတာပဲ၊ ဒါပေမဲ့ သူနှင့်တစ်ခါမှ အာလာပသလ္လာပ မပြောဖူးဘူး၊ ကိုယ်သူ့ကို မသိဘူး၊ ဒါပေမဲ့ သူ့အနားမှာ ကိုယ်ရှိနေတဲ့အခါမှာ သူဟာ အသိပညာရှိပြီး ရည်မှန်းချက်ကြီးမားတဲ့ အမျိုးသမီးတစ်ယောက်ပဲဆိုတာ ကိုယ် အကဲခတ်မိတယ်"

"နောက်ပြီးတော့ သူဟာ ဘာသာတရားမှာ အင်မတန် လေးစားကြည်ညိုတယ်၊ ဒီအတွက်လည်း ကိုယ် သူ့ကိုပိုပြီး သဘောကျ နှစ်သက်ရတယ်၊ ဒီကိစ္စနှင့်ပတ်သက်ပြီး ကိုယ် မောင်ရင်နဲ့ အငြင်းပွားနိုင်ပါတယ်၊ မောင်ရင်ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ မောင်ရင့် အယူအဆလို့ပဲ ထားလိုက်ပါ၊ ဒါပေမဲ့ ကိုယ်ကတော့ သူ ဘုရားဝတ်ပြုရအောင် ဘုရားရှိခိုးကျောင်း သွားတာ သဘောကျတယ်၊ သူက နယ်က အမျိုးသမီးတစ်ယောက်ပဲ၊ ဒါပေမဲ့ မော်စကိုမှာ ကျောင်းနေခဲ့တယ်။ ကိုယ်တို့ရဲ့ မော်စကိုကို သူချစ်တယ်။ မော်စကိုမြို့သူတွေ ဝတ်တဲ့အတိုင်းပဲ သူဝတ်တယ်၊ အဲဒီအတွက်လည်း ကိုယ် သူ့ကိုချစ်ရတယ်"

"အချစ်.... အချစ်...၊ မောင်ရင် မျက်မှောင်ကုတ်နေတာကို ကိုယ်သိပါတယ်၊ အချစ်ဆိုတာက ဘာလဲဆိုတာရယ်၊ နောက်ပြီးတော့ ဘယ်လိုလူမျိုးကို ချစ်ရမယ်၊ ဘယ်လိုလူမျိုးကို မချစ်ရဘူးဆိုတာတွေကို မောင်ရင် ကိုယ့်ကို

mgyoe.com

mgyoe.com


အကျယ်တပြောကြီး တရားဟောချင်နေတယ် မဟုတ်လား၊ ဒါပေမဲ့ ကော့စယာရယ်၊ ကိုယ်ဟာ ကိုယ်ကိုယ်တိုင် မချစ်ခဲ့ဖူးပေမဲ့ အချစ်ဆိုတာ ဘာကို ခေါ်တာဆိုတာ ကိုယ်ကောင်းကောင်း သိပါတယ်"

"မောင်ရင်က မာကြောင်းသာကြောင်း မေးလိုက်တဲ့အတွက် အစ်မက မင်းကို ကျေးဇူးတင်နေပါတယ်၊ ကော့စယာကိုချီဗွိုင်းဆိုတဲ့ ကောင်ကလေး တစ်ယောက်ကို သူ တစ်ခါကျောင်းကို လိုက်ပို့ခဲ့ရတာကို သူ ခဏခဏ သတိရနေတယ်၊ သူက ကနေ့အထိ မင်းကို ချာတိတ်ကလေးလို့ ခေါ်နေတုန်း ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူက မောင်ရင့်ကို မိဘမဲ့ကလေးတစ်ယောက်ဆို တာ အမှတ်ရနေလို့ပဲ"

"အဲဒီတော့ မိဘမဲ့ ချာတိတ်ကလေးရယ်၊ ကိုယ်တော့ ချစ်မိနေပြီကွယ်၊ လောလောဆယ် အချိန်မှာတော့ ဒီကိစ္စဟာ လျှို့ဝှက်မှုတစ်ခုပဲ၊ အဲဒါကြောင့် ဒီအကြောင်းကို အဲဒီက တစ်ယောက်သောသူကို သွားမပြောလိုက်ပါနဲ့ဦး ကွယ်၊ ဒီကိစ္စဟာ သူ့ဘာသူ အလိုလိုရှင်းသွားပါလိမ့်မယ်၊ ဒါမှမဟုတ်ရင် လည်း တော်လ်စတွိုင်းရဲ့ ဝတ္ထုတွေမှာ လက်ပါးစေကြီးက ပြောလေ့ရှိတဲ့ အတိုင်း သူ့ဘာသူ ဖြစ်သွားပါလိမ့်မယ်"

စာရေးပြီးသွားသောအခါ လက်ပတစ်သည် အိပ်ရာပေါ်တွင်လဲ လျောင်းလိုက်တော့သည်။ သူသည် ပင်ပန်းနွမ်းလျစွာဖြင့် မျက်လုံးများကို မှိတ်ထားလိုက်သည်။

သို့သော် အကြောင်းတစ်ခုခုကြောင့် အိပ်မပျော်နိုင်ပါချေ။ လမ်းပေါ် က အသံတွေကြောင့် သူ အိပ်မပျော်တာပဲဟု လက်ပတစ် ထင်မှတ်နေမိ သည်။ နွားအုပ်ကြီးတွေကို မောင်းသွားနေကြသည်။ ကျွဲချိုမှုတ်သံကို ကြားရ သည်။ ထို့နောက် များမကြာမီမှာပင် မိုးသောက်ယံ ဝတ်ပြုပွဲအတွက် ခေါင်း လောင်းထိုးသံများ ထွက်ပေါ်လာသည်။ ထို့နောက်တစ်ဖန် တကျွီကျွီတအီအီ နှင့် လှည်းတစ်စီး ဖြတ်သွားသံကို ကြားရပြန်သည်။ ဈေးသွားမည့် မိန်းမ တစ်ယောက်၏ ဟစ်အော်သံကို တစ်နေရာဆီမှ ကြားရသည်။ သည့်နောက် တွင်ကား စာကလေးတွေ တေးဆိုကြပါတော့သည်။

❒

mgyoe.com

mgyoe.com

## ၂

နံနက်ခင်းက ကြည်နူးဖွယ်ရာနှင့် ရွှင်မြူးဖွယ်ရာ ဖြစ်သည်။ နံနက်ဆယ်နာရီထိုးသောအခါ နီနာသည် ခေါင်းဖြီးပြီး အညိုရောင်ဝတ်စုံကို ဝတ်ဆင်ကာ လောလောဆယ် သူမ နေထိုင်ရာဖြစ်သောဧည့်ခန်းသို့ ဘေးတစ်ဖက်တစ်ချက်စီမှ လူနှစ်ယောက် ဖေးမတွဲခေါ်ကာ ရောက်ရှိလာသည်။ ထို့နောက် ပြတင်းပေါက်တစ်ခုတွင် မတ်တတ်ရပ်နေသည်။ သူမ၏အပြုံးက ပွင့်လင်းပြီး ရိုးသားစင်ကြယ်လှသည်။ သူမကို ကြည့်ရသည်က သူတော်စင်တစ်ပါးနှင့်တူလှသည်။ ပန်းချီဆရာတစ်ဦးက သူမကို ဝါပွဲသဘင် သင်္ကေတအဖြစ် ရေးဆွဲလိုလှသည်ဟု ဆိုသည်။

သူမကို ယခုကဲ့သို့ တွေ့မြင်ရသောအခါ သူမ နေကောင်းနေပြီဟု ကလေးတွေကရော အစေခံများကရော သူမ၏မောင်ကရော ထိုမှုမက သူမကိုယ်တိုင်ကပါ ထင်မှတ်ယူဆနေကြတော့သည်။ ကလေးမလေး နှစ်ယောက်က သူမတို့၏ဦးလေးကို လိုက်လံဖမ်းဆီးလျက် ရှိကြသည်။ တစ်အိမ်လုံးဆူညံနေတော့သည်။

mgyoe.com

mgyoe.com


အသိမိတ်ဆွေများက သူမ၏ ကျန်းမာရေးကို လာရောက်မေးမြန်းကြသည်။ ဘုရားကျောင်းတွင် ကောင်းချီးပြုထားသော ပေါင်မုန့်များကို ယူလာကြသည်။ ဘုရားရှိခိုးကျောင်းများ အားလုံးလောက်မှာပင် ကျေးဇူးတော်ကို ချီးမွမ်းသီဆိုခဲ့ကြသည်ဟု ဆိုသည်။ သူမက ဤမြို့တွင် အလှူစေတနာရှင်တစ်ဦးဖြစ်သည်။ သူမက သူမ၏မောင် အလက်ဇီကဲ့သို့ပင် အလှူဒါနကိစ္စများနှင့် ပတ်သက်လာလျှင် အင်မတန် လက်လွယ်သူတစ်ဦး ဖြစ်သည်။ ငွေကြေးဥစ္စာများကို ပေးကမ်းရာတွင် ပေးသင့်မပေးသင့်ကို အနည်းငယ်မျှ စဉ်းစားချိန်ဆမနေပါ။ နီနာသည် မရှိနွမ်းပါးသော ကျောင်းသူကျောင်းသားများကို ကျောင်းလခများ ပေးကမ်းထောက်ပံ့သည်။ အသက်အရွယ် ကြီးရင့်သူများအတွက် လက်ဖက်ရည်၊ သကြားယိုများ ပေးကမ်းလှူဒါန်းသည်။ မရှိဆင်းရဲသော သတို့သမီးများအတွက် အဝတ်အစားများ ပေးကမ်းထောက်ပံ့သည်။ သူမအနေဖြင့် သတင်းစာတစ်စောင်ကိုတွေ့လျှင် မည်သည့်အကူအညီ တောင်းခံမှုများပါသနည်း၊ သို့မဟုတ် မည်သူ တစ်စုံတစ်ယောက်များ ဒုက္ခရောက်နေသနည်းဆိုသည်ကို အရင်ရှာဖွေဖတ်ရှုသည်။

လောလောဆယ်မှာပင် သူမ၏လက်ထဲတွင် ငွေစက္ကူတစ်ထပ်ကြီးကို ကိုင်ထားသည်။ မရှိနွမ်းပါးသူများနှင့် သူမထံတွင် အကူအညီတောင်းခံသူများက ဝယ်ယူခဲ့သော ကုန်ပစ္စည်းများအတွက် ကျသင့်ငွေ စုစုပေါင်း ရှစ်ဆယ့်နှစ်ရူဗယ်ကို ကုန်သည်တစ်ဦးက ယမန်နေ့ကပင် သူမထံ ငွေတောင်းခံလွှာပေးပို့ခဲ့သည်။

"ဒီမှာ ကြည့်စမ်း၊ ဝယ်ထားလိုက်ကြတာတွေ၊ အရှက်မဲ့တဲ့ လူတွေ ဟုတ်မှဟုတ်ရဲ့လားတောင် အောက်မေ့ရတယ်၊ ရှစ်ဆယ့်နှစ် ရူဗယ်တောင်ရှိတယ်၊ ငါ မပေးဘဲထားမှနဲ့တူတယ်"

သူမက ပြောလိုက်သည်။

"ကျွန်တော် ပေးလိုက်မယ်"

လက်ပတစ်က ပြောသည်။

"အို ဘာဖြစ်လို့ ပေးရမှာလဲ၊ မောင်လေးနှင့် ဖီဒါဆီက တစ်လကို ရူဗယ်နှစ်ရာ့ငါးဆယ် ယူနေတာကိုက များလှပြီ၊ မောင်လေးတို့ကို ဘုရားသခင် စောင့်ရှောက်ပါစေ"

mgyoe.com

mgyoe.com


အစေခံများ မကြားစေရန် တိုးတိုးကလေး ပြောလိုက်သည်။

"အင်း ကျွန်တော်က တစ်လကို နှစ်ထောင့်ငါးရာ သုံးနေတယ်၊ ကျွန်တော်အစ်မကို ထပ်ပြောရဦးမယ်၊ အစ်မဟာ ကျွန်တော်နှင့် ဖိဒါတို့လိုပဲ သုံးပိုင်ခွင့် ရှိတယ်၊ အဲဒါကို အစ်မက အမြဲတမ်း သဘောပေါက်ထားပါ၊ ဖေဖေ့မှာ ကျွန်တော်တို့သုံးယောက်ပဲ ရှိတယ်၊ ပိုက်ဆံ သုံးကိုပက်ရှိတိုင်း တစ်ကိုပက်ကို အစ်မပိုင်တယ်"

သို့သော် နီနာ သဘောမပေါက်ပါ၊ သူမအနေနှင့် အင်မတန်ခက်ခဲသော ပြဿနာတစ်ခုကို ခေါင်းထဲမှာ ဖြေရှင်းနေရဟန်ရှိသည်။ ငွေရေးကြေးရေး ကိစ္စများတွင် အစ်မဖြစ်သူက သဘောမပေါက်သည့်အတွက် လက်ပတစ်မှာ အမြဲတမ်းလိုပင် စိတ်အနှောင့်အယှက်ဖြစ်ပြီး စိုးရိမ်ပူပန်နေရသည်။ ထိုမျှမကပါ။ အစ်မတွင် ကြွေးတွေတင်နေသည်ဟု လက်ပတစ်ထင်သည်။ သို့သော် အစ်မက သည်ကြွေးတွေအကြောင်း သူ့ကို မပြောပြပါ။ ထိုကြွေးတွေက သူမကိုညှဉ်းပန်းနှိပ်စက်လျက် ရှိပါသည်။

ခြေသံများနှင့် အသက်ရှူသံပြင်းပြင်းတစ်ခုကို သူတို့ကြားရသည်။ ဒေါက်တာ လှေကားမှ တက်လာခြင်းဖြစ်သည်။ ထုံးစံအတိုင်းပင် သူသည် ဆံပင်တွေ ဖရိုဖရဲ၊ အဝတ်အစားတွေ ကပိုကသီဖြစ်သည်။

"ရူ....ရူ....ရူ....ရူ....ရူ....ရူ"

သူ သီချင်းဆိုလာသည်။

လက်ပတစ်သည် ဒေါက်တာနှင့် မတွေ့လိုသဖြင့် ထမင်းစားခန်းထဲသို့ ဝင်သွားသည်။ ထိုမှတစ်ဆင့် အောက်ထပ်ရှိ သူ၏အခန်းများသို့ ဆင်းသွားသည်။ ဒေါက်တာ၏အိမ်သို့ သွားရောက်လည်ပတ်ပြီး ဒေါက်တာနှင့် ရင်းနှီးခင်မင်ရေးမှာ မလွယ်ကူကြောင်း လက်ပတစ် သိမြင်လျက်ရှိသည်။ ပါရာနော့က 'အတ္တဘောကြီး'ဟု ခေါ်သော သည်လူကြီးနှင့် ဆက်ဆံရသည်မှာ မလွယ်ပါ။ ယင်းကြောင့်လည်း သူသည် ယူလီယာနှင့် အတွေ့ရနည်းခြင်းဖြစ်သည်။ ယခု သူစဉ်းစားမိသည်မှာ သူမ၏ဖခင်အိမ်တွင် မရှိခိုက် သူမ၏ထီးကို သွားပေးပို့ခဲ့လျှင် သူမနှင့် နှစ်ယောက်တည်း တွေ့ရမည်ဖြစ်သည်။ ထိုအခါ သူပျော်သွားသည်။ မြန်မြန်သွားမှ၊ မြန်မြန်သွားမှ။

သို့ဖြင့် သူသည် ထီးကိုယူပြီး စိတ်လှုပ်ရှားတက်ကြွစွာဖြင့် အချစ်

mgyoe.com

mgyoe.com


တောင်ပံများဖြင့် ပျံသန်းသွားပါတော့သည်။ အပြင်ဘက် လမ်းပေါ်တွင် ပူလောင်လျက် ရှိသည်။

ဆူးပင်ချုံနွယ်များ ပိတ်ဖုံးလျက်ရှိသော ဒေါက်တာဇီလာဗင်၏ ရောမ ခြံဝင်းကြီးအတွင်းသို့ ရောက်ရှိသောအခါ ကလေးသူငယ် နှစ်ဆယ်ကျော်ခန့် ဘောလုံးကစားနေကြသည်ကို တွေ့ရသည်။ အဆောင်ဟောင်းကြီး သုံးခု တွင် နေထိုင်လျက်ရှိသော အလုပ်သမားများ၏ ကလေးများ ဖြစ်ကြသည်။ ဒေါက်တာသည် အဆိုပါ အဆောက်အဦသုံးခုကို ပြင်ဆင်ရန် နှစ်စဉ်ကြိုးစား ခဲ့သော်လည်း တစ်ကြိမ်မျှ မအောင်မြင်ခဲ့ပါ။ ပျော်ရွှင်မြူးထူးလျက်ရှိသော အသံများ ဆူညံလျက်ရှိသည်။ ခပ်လှမ်းလှမ်း တစ်နေရာတွင်ကား သူမ၏ အဆောင်ရှေ့တွင် ရပ်နေသော ယူလီယာကို တွေ့ရှိရသည်။ သူမက လက် နှစ်ဖက်ကို နောက်ပစ်ပြီး ကလေးတွေ ကစားနေကြသည်ကို ကြည့်နေသည်။

"မင်္ဂလာပါ"

လက်ပတစ်က လှမ်းအော်ပြီး နှုတ်ဆက်လိုက်သည်။

အမျိုးသမီး လှည့်ကြည့်သည်။ အမြဲတမ်းဆိုသလိုပင် သူမကို သူ တွေ့မြင်ရသည်မှာ ဘာကိုမျှ စိတ်မဝင်စားသော၊ အေးတိအေးစက်နိုင်သော အမျိုးသမီးတစ်ယောက်သာ ဖြစ်သည်။ သို့မဟုတ် ယမန်နေ့ညက တွေ့ရ သလိုပင် ပင်ပန်းနွမ်းနယ်လျက် ရှိတတ်သည်။ သို့သော် ယခုအခါတွင်မူ သူမက ဘောလုံးကစားနေသော ကလေးများနှင့် အထူးပင် လှုပ်ရှားတက်ကြွ လျက်ရှိပါသည်။ ပျော်ရွှင်မြူးပျလျက် ရှိပါသည်။

"မော်စကိုမှာဆိုရင် သူတို့ ဒီလို ပျော်ပျော်ရွှင်ရွှင် မကစားကြရဘူး" သူမက သူ့ထံသို့ လျှောက်လာရင်း ပြောသည်။ "ဟုတ်တယ်၊ ဟိုမှာ ဒီလို ခြံဝင်းကျယ်ကျယ်ကြီးတွေ မရှိဘူး၊ သြော် ဖေဖေက အခုပဲ အစ်ကိုတို့အိမ် ကို သွားတယ်လေ"

သူမက ကလေးတွေဘက်သို့ လှည့်ကြည့်ရင်း ဆက်ပြောလိုက်သည်။

"ကိုယ်သိတယ်၊ ဒါပေမဲ့ ကိုယ် အခုလာတာ သူနှင့်တွေ့ရအောင် မဟုတ်ဘူး၊ မင်းနှင့်တွေ့ရအောင်ပဲ"

လက်ပတစ်က သူမ၏ပျို့မျစ်နုနယ်မှုကို အံ့သြချီးကျူးရင်း ပြောလိုက် သည်။ သူက ပျို့မျစ်မှုကို ယခင်က မတွေ့မြင်ဖူးခဲ့ပါ။ ကနေ့မှ သူမတွင်

mgyoe.com

mgyoe.com


တွေ့ရှိလိုက်ရခြင်း ဖြစ်သည်။ ရွှေဆွဲကြိုးကလေးတစ်ကုံး ဆွဲထားသော သူမ၏ လည်တိုင်ကြော့ကြော့ ဖြူဖြူကလေးကို သူက အခုမှ ပထမဆုံးအကြိမ် သတိပြုမိခြင်း ဖြစ်သည်။

"မင်းနဲ့တွေ့ရအောင် လာခဲ့တာပဲ" သူက ထပ်ပြီးပြောလိုက်သည်။ "မင်းမနေ့က မေ့ကျန်ခဲ့တဲ့ထီးကို အစ်မက ပို့ခိုင်းလိုက်တယ်"

သူမက ထီးကိုယူရန် လက်တစ်ဖက်ကို ဆန့်တန်းလိုက်သည်။ သို့သော် သူက ထီးကို သူ၏ရင်ဝယ်အပ်ထားလိုက်ပြီး...

"ကိုယ် တစ်ခုတောင်းပန်ပါရစေ၊ ဒီထီးကို ကိုယ့်ကိုပေးပါ၊ မင်းကို အမှတ်တရအဖြစ် ကိုယ်သိမ်းထားပါရစေ၊ ကိုယ်တို့နှစ်ယောက်ရဲ့ အကျွမ်းဝင်မှု အထိမ်းအမှတ်ပေါ့၊ တကယ့်ကို အံ့သြစရာကောင်းတာပဲ"

သူက ယမန်နေ့ညက ဤထီး၏အောက်တွင် ထိုင်ခဲ့ရစဉ်က ဖြစ်ပေါ်ခဲ့ရသော ခံစားမှုအတိုင်း ပြန်လည်နိုးကြား ခံစားရပြီး ထိန်းချုပ်ခြင်းမရှိဘဲ ချစ်ခြင်းမေတ္တာ ကြီးမားစွာဖြင့် ပြောလိုက်သည်။

"ယူထားလေ"သူမက မျက်နှာနီမြန်းစွာဖြင့် ပြောလိုက်သည်။ "ဒါပေမဲ့ ဒီထီးက ဘာမှထူးထူးခြားခြား မဟုတ်ပါဘူး"

သူက သူမကို ကြည်နူးအားရစွာဖြင့် တိတ်ဆိတ်စွာ ငေးစိုက်ပြီးကြည့်နေသည်။ ဘာဆက်ပြီး ပြောရမည်ကို မသိဘဲ ရှိနေသည်။

"အို အစ်ကို့ကို ကျွန်မက နေပူကြီးထဲမှာ ပစ်ထားနေတာပဲ" ခဏမျှကြာသောအခါ သူမက ရယ်မောကာ ပြောလိုက်ပြီး "လာ အိမ်ထဲကို သွားကြရအောင်"

"မင်းကို အနှောင့်အယှက်ပေးရာများ ကျနေမလား"

တံခါးပေါက်ဆီသို့ သူတို့လျှောက်သွားကြသည်။ ယူလီယာက ရှေ့မှ ပြေးသွားသည်။ အဝတ်သံ တလျှမ်းလျှမ်းနှင့် ဖြစ်သည်။ သူမက အပြာပွင့်ကလေးတွေ ပါရှိသော ဂါဝန်ဖြူဖြူကလေးနှင့် ဖြစ်သည်။

"ကျွန်မကို ဘယ်လိုမှ အနှောင့်အယှက် မဖြစ်ပါဘူး၊ ကျွန်မမှာ ဘာ အလုပ်မှ မရှိပါဘူး၊ ကျွန်မအဖို့ မနက်မိုးလင်းကနေ ညအထိ တစ်နေ့လုံး အားနေတာပဲ"

သူမက လှေကားပေါ်တွင် ရပ်လိုက်ရင်း အဖြေပေးသည်။

mgyoe.com

mgyoe.com


"မင်းပြောတာကို ကိုယ်သဘောမပေါက်ဘူး၊ ကိုယ်ကြီးပြင်းခဲ့တဲ့ အသိုင်းအဝိုင်းမှာတော့ လူတွေဟာ နေ့တိုင်း အလုပ်လုပ်နေကြတာပဲ၊ အားလုံးပဲ၊ ဘယ်သူမှ မကျန်ဘူး၊ ယောက်ျားတွေရော မိန်းမတွေရောပဲ"

"ဘာမှလုပ်စရာ မရှိဘူးဆိုရင်ကော"

သူမက မေးလိုက်သည်။

"လူတစ်ယောက်ဟာ သူ့ဘဝမှာ အလုပ်တစ်ခုခုကို လုပ်နေရမယ်၊ အဲဒါကို ရှောင်လွှဲလို့ မရနိုင်ဘူး၊ အလုပ်မရှိတဲ့ဘဝဟာ ဘယ်လိုမှ ဘဝတစ်ခုမဖြစ်နိုင်ဘူး၊ ဘယ်လိုမှလည်း ပျော်ရွှင်စရာ မဖြစ်နိုင်ဘူး"

ထို့နောက် သူသည် ထီးကလေးကို ရင်ဝယ်ပိုက်ဖက်လိုက်ပြန်ပြီး...

"မင်းအနေနှင့် ကိုယ့်ဇနီးအဖြစ် သဘောတူမယ်ဆိုရင် ကိုယ်ဟာ ဘာမဆို စွန့်လွှတ်ဖို့ အဆင်သင့်ရှိတယ်၊ ကိုယ့်အနေနှင့် အားလုံးကို စွန့်လွှတ်ရဲတယ်၊ ကိုယ့်အနေနဲ့ မစွန့်လွှတ်နိုင်တာ မပေးဆပ်နိုင်တာဆိုလို့ ဘာမျှမရှိဘူး"

သူက တိုးညင်းစွာ ပြောလိုက်သည်။ ပြီးတော့ သူ့ဘာသူ အံ့သြနေသည်။ သူ့အသံကို သူ မမှတ်မိဘဲ ရှိနေသည်။

သူမ သိမ့်သိမ့်တုန်သွားပြီး သူ့ကို ထိတ်လန့်စွာနှင့် အံ့သြစွာနှင့် ကြည့်နေသည်။ ထို့နောက် မျက်နှာကလေးဖြူရော်စွာဖြင့်....

"အို အစ်ကို ဘာတွေပြောနေတာလဲ၊ အစ်ကို ဘာတွေပြောနေတာလဲ၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ကျွန်မကို ခွင့်လွှတ်ပါ"

ထို့နောက် သူမသည် လှေကားကို လျင်မြန်စွာပြေးတက်ကာ တံခါးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ စောစောကအတိုင်း အဝတ်သံ တလျှမ်းလျှမ်းနှင့် ဖြစ်သည်။

လက်ပတစ်သည် သဘောပေါက်သွားသည်။ သူ၏စိတ်အခြေအနေများ ရုတ်ခြည်းဆိုသလိုပင်၊ ချက်ချင်းဆိုသလိုပင် ပြောင်းလဲသွားသည်။ သူ၏ အသည်းနှလုံးတွင် အလင်းရောင်တစ်ခု ရုတ်တရက်ပျောက်ကွယ်သွားသည့်အလား ဖြစ်သည်။ အကျည်းတန်အရုပ်ဆိုးပြီး ရွံရှာစက်ဆုပ်ဖွယ်ရာကောင်းသဖြင့် လူတကာ၏ အငြင်းပယ်အစော်ကားခံရသော လူတစ်ယောက်ပမာ အရှက်ကြီးရှက်ကာ အိမ်ထဲမှ သူ ထွက်ခဲ့ပါတော့သည်။

mgyoe.com

mgyoe.com

"ငါ့အနေနဲ့ အားလုံးကို စွန့်လွှတ်ခဲ့ရတယ်"

နေပူကျဲကျဲတွင် လမ်းလျှောက်ပြီးပြန်ရင်း သူ့ကိုယ်သူ ပြက်ရယ်ပြုလိုက်သည်။ သူ့အနေနှင့် အချစ်ရေးဆိုခဲ့ပုံ အလုံးစုံကို အမှတ်ရလျက်ရှိသည်။

"ငါ့အနေနဲ့ အားလုံးကို စွန့်လွှတ်ခဲ့ရတယ်၊ တကယ့်ကို စျေးသည်တစ်ယောက် ကျနေတာပဲ၊ လိုချင်တာက များလွန်းနေတော့ အားလုံးကို ပေးခဲ့ရတာပဲ"

သူပြောခဲ့သမျှ စကားတွေ အားလုံးက အမှားတွေချည်းပဲ ဖြစ်သည်။ လူတိုင်းအလုပ်လုပ်ရသော အသိုင်းအဝိုင်းတွင် ကြီးပြင်းခဲ့ရသည်ဟု အဘယ်ကြောင့် သူကတီထွင်ပြီး ပြောခဲ့ရသနည်း၊ ပျော်ရွှင်ဖွယ်ရာကောင်းသော တကယ့်ဘဝအကြောင်းကို သူက အဘယ်ကြောင့် သတ်မှတ်ပြောဆိုခဲ့ရသနည်း။ သူပြောပုံက မပါးနပ်ဘူး၊ စိတ်ဝင်စားစရာ မကောင်းဘူး၊ တကယ့်အမှားပဲ၊ မော်စကိုစကားအမှားတွေပဲ။

သို့သော် အတန်ငယ်မျှ ကြာသောအခါတွင်ကား သူသည် အပြစ်ဒဏ်ကြီးလေးစွာ ချမှတ်ခြင်းခံရသော ရာဇဝတ်သားတစ်ဦးပမာ ဘာကိုမျှ ဂရုမပြုတော့သလို ဖြစ်လာသည်။ သူ့အဖို့ အရာရာသည် ပြီးဆုံးသွားချေပြီ ဖြစ်သည်ဆိုသည်ကို စဉ်းစားလာမိတော့သည်။ သူ့အဖို့ မသေချာမရေရာသည့်အချက်များ ဘာမျှမရှိတော့ပါ။ သူ့အနေနှင့် တစ်နေ့ပြီးတစ်နေ့ စဉ်းစားနေစရာ မလိုတော့ပါ။ စောင့်ဆိုင်းနေစရာ မလိုတော့ပါ။ စိတ်ဒုက္ခခံစားနေစရာ မလိုတော့ပါ။ ယခုအခါ အားလုံးပင် ရှင်းသွားပြီဖြစ်ပါသည်။

ပျော်ရွှင်ချမ်းမြေ့မှုနှင့်ပတ်သက်သော မျှော်လင့်ချက်များ အားလုံး ပျောက်ပျက်ကျန်ရစ်ခဲ့ပြီဖြစ်သည်။ သည့်ကရှေ့တွင် ဘာမျှော်လင့်ချက်မျှ မကျန်းဘဲ၊ ဘာလိုလားတောင့်တမှုမျှ မရှိဘဲ ဘာတစ်ခုမျှ စိတ်ကူးယဉ်မှုမရှိဘဲ၊ ဘာတစ်ခုမျှ ရည်မှန်းချက်မရှိဘဲ၊ နေထိုင်သွားရန်သာ ရှိတော့သည်။ ပျော်ရွှင်ဖွယ်ရာကောင်းသော ဤအဖြစ်ကို ရှောင်ရှားရန်အတွက် လူတစ်ယောက်သည် အခြားသူများ၏ကိစ္စ၊ အခြားသူများ၏ ပျော်ရွှင်မှုတွင်သာ စိတ်ဝင်စားရန် ရှိပါတော့သည်။ ယင်းသို့ဖြင့် အသက်ကြီးရင့်သွားရပြီး ဘဝသည် ဆုံးသွားရပေလိမ့်မည်။ သည့်နောက် တစ်ပါးကား အခြားဘာမျှမလိုအပ်ပါတော့ချေ။

mgyoe.com

ယခုအခါတွင် သူ၏ဘဝသည် သည်အတိုင်းပင် ဖြစ်တော့သည်။ သူလိုချင်သည့်အရာ ဘာမျှမရှိတော့ပါ။ သူ့အနေနှင့်တော့ အေးဆေးစွာ ဆင်ခြင်သုံးသပ်နိုင်ပြီ ဖြစ်သည်။ သို့သော် သူ၏မျက်နှာတွင် အထူးသဖြင့် သူ၏မျက်လုံးများတွင် လေးလံမှုကြီးတစ်ခု ဖြစ်ပေါ်နေပါသည်။ သူ၏နဖူး ပြင်သည် ရော်ဘာပြားတစ်ခုလို တုန်ခါနေသည်။ ထို့အပြင် မျက်ရည်များ ကလည်း စီးကျတော့မည်ကဲ့သို့ ရှိနေသည်။ သူ၏တစ်ကိုယ်လုံးသည် နွမ်း နယ်ချည့်နဲ့လာတော့သည်။ အိပ်ရာပေါ်တွင် သူ လှဲချလိုက်သည်။ ငါးမိနစ် အတွင်းမှာပင် အိပ်မောကျသွားပါတော့သည်။

❐

mgyoe.com

mgyoe.com

# ၃

လက်ပတစ်က လက်ထပ်ခွင့် တောင်းဆိုခြင်းသည် ဘယ်လိုမှ မျှော်လင့်ထားခြင်း မရှိသဖြင့် ယူလီယာမှာ များစွာမှပင် စိတ်နောက်ကျိရတော့သည်။

သူမအနေနှင့် လက်ပတစ်ကို သိရုံမျှသာဖြစ်သည်။ အမှတ်မထင်ဆိုသလိုသာ တွေ့ဆုံဖူးသည်။ သူက ပိုက်ဆံချမ်းသာသူတစ်ဦး ဖြစ်သည်။ မော်စကိုမြို့မှ "ဖီဒါလက်ပတစ်နှင့်သားများ" အမည်ရှိ နာမည်ကျော်ကုန်တိုက်ကြီးတစ်ခု၏ပိုင်ရှင်တစ်ဦး ဖြစ်သည်။ သူ့ကိုကြည့်ရသည်မှာ တည်ကြည်လေးနက်လှသည်။ ဉာဏ်ပညာကောင်းမွန် ထက်မြက်လှသည်။ အစ်မဖြစ်သူ၏ ကျန်းမာရေးကို ပူပန်ကြောင့်ကြလွန်းလှသည်။ သူ့အနေနှင့် မိမိအပေါ် စိတ်ဝင်စားမှုရှိသည်ဟု ယူလီယာတစ်ခါမျှ မထင်မှတ်ခဲ့။ သူမကလည်း သူ့ကို နည်းနည်းကလေးမျှ စိတ်မဝင်စားခဲ့ပါ။ ယင်းသို့ရှိရာမှ ရုတ်ခြည်းဆိုသလို လှေကားပေါ်တွင် မေတ္တာဖွင့်ဆိုခဲ့သည်။ သနားစရာကောင်းသော မက်မောတမ်းတနေသော မျက်နှာကြီးနှင့်...။

mgyoe.com

mgyoe.com

လက်ထပ်ရန်တောင်းဆိုမှုကို ရုတ်တရက်ကြီး ထုတ်ဖော်လာသည့်အတွက်လည်း သူမမှာ စိတ်ရှုပ်ထွေးရသည်။ 'ဇနီး'ဆိုသော စကားလုံးကြောင့်လည်း စိတ်ရှုပ်ထွေးရသည်။ သူမအနေဖြင့် ငြင်းဆန်လိုက်ရသည့်အတွက်လည်း စိတ်ရှုပ်ထွေးရသည်။ သူမအနေဖြင့် လက်ပတစ်ကို မည်သည့်စကားလုံးတွေ ပြောဆိုလိုက်မိသည်ကိုကား မမှတ်မိတော့။ သို့သော် သူမ၏စိတ်ထဲတွင် မကျေနပ် မနှစ်သက်သဖြင့် ငြင်းဆန်လိုက်သည့်အဖြစ်ကိုကား ယခုအထိ ခံစားနေရမိပါသည်။ သူက သူမကို ဆွဲဆောင်နိုင်ခြင်း မရှိပါ။ သူ၏အပြင်ပန်း ပုံသဏ္ဌာန်က စာရေးတစ်ယောက်နှင့်တူသည်။ သူ့တွင် ဘာမျှစိတ်ဝင်စားစရာမရှိပါ။ သူမအနေနှင့်ငြင်းဆန်ရုံကလွဲ၍ အခြား ဘာမျှပြောစရာမရှိပါ။  သို့တစေလည်း အမှားအယွင်းတစ်ခုကို ပြုလုပ်လိုက်မိသည့်အလား သူမမှာ စိတ်မသက်မသာ ဖြစ်နေပါသည်။

"အို ဘုရားသခင်...အိမ်ထဲကိုတောင် မဝင်လာဘူး၊ လှေကားပေါ်မှာပဲ"

ခုတင်ခေါင်းရင်းဘက်တွင် ချိတ်ဆွဲထားသော ပုံတော်ရုပ်ကိုကြည့်ရင်း သူမက စိတ်ပျက်စွာ ရွတ်ဆိုလိုက်သည်။

"နောက်ပြီးတော့ အရင်ကလည်း တစ်ခါမှ ချစ်စကား၊ ကြိုက်စကား မပြောဖူးဘူး။ အင်း အတော်တော့ ထူးဆန်းတာပဲ၊ ထုံးတမ်းစဉ်လာ မဟုတ်တာပဲ"

သူမသည် တစ်ယောက်တည်း အထီးကျန်ဖြစ်နေသဖြင့် သူမ၏စိတ်ထဲတွင် ဖြစ်ပေါ်နေသော ပူပန်ကြောင့်ကြမှုများသည် တစ်နာရီထက် တစ်နာရီ တိုးပွားလျက် ရှိတော့သည်။ သူမအနေနှင့် သူမပေါ်တွင် ဖိစီးမှုများကို မဆန့်ကျင်မတွန်းလှန်နိုင်ဘဲ ရှိနေသည်။ မိမိ၏လုပ်ဆောင်မှု မှန်ကန်ကြောင်းတစ်စုံတစ်ယောက်ကို ပြောကြားလိုပါသည်။ သို့သော် သူမတွင် ပြောစရာလူတစ်ယောက်မျှ မရှိပါ။ သူမသည် မိတဆိုးကလေး ဖြစ်ခဲ့ရသည်မှာ ကာလကြာညောင်းလှချေပြီ။ သူမ၏ဖခင်မှာလည်း အများနှင့်မတူသော လူတစ်မျိုးဖြစ်သဖြင့် အလေးအနက် ပြောစရာကိုပြောဆို၍ မဖြစ်နိုင်ပါ။ ဖခင်ဖြစ်သူ၏ထင်မိထင်ရာများ၊ အစိုးရိမ်လွန်မှုများနှင့် ပြတ်ပြတ်သားသား မရှိမှုများကသူမကို ချောက်ချားစေပါသည်။ သူနှင့်  စကားတစ်ခွန်းလောက် ပြောလိုက်လျှင် မကြာမီပင် သူ့အကြောင်းကိုသာ လျှောက်ပြောနေပါတော့သည်။ သူမ

mgyoe.com

mgyoe.com

က ဘုရားသခင်ထံတွင် ဆုတောင်းမည်ရှိသော အခါတွင်လည်း စိတ်တွင် ဇဝေဇဝါရှိနေသဖြင့် ဘာဆုတောင်းရမှန်း မသိဖြစ်နေပါသည်။

ရေနွေးအိုး ယူလာသောအခါတွင် အသားအရေတွေ ဖြူရော်နေပြီး ပင်ပန်းနွမ်းလျနေသော ယူလီယာသည် ဘယ်လိုမှ မတတ်နိုင်တော့သည့် အခြေအနေမျိုးဖြင့် ထမင်းစားခန်းသို့ သွားရောက်ကာ လက်ဖက်ရည်ဖျော်ရသည်။ လက်ဖက်ရည်ဖျော်သည့် အလုပ်က သူမ၏ လုပ်ငန်းတာဝန်တစ်ခုပင် ဖြစ်သည်။ လက်ဖက်ရည်ဖျော်ပြီးသောအခါ ဖခင်အတွက် တစ်ဖန်ခွက် ထည့်ပေးလိုက်သည်။

ဆာဂျိုဗိုရီဆစ်သည် ဒူးဆစ်အောက်အထိရောက်သော ကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားသည်။ လက်နှစ်ဖက်ကို အင်္ကျီအိတ်များအတွင်းသို့ နှိုက်ထားသည်။ သူ၏မျက်နှာကြီးမှာ နီရဲနေပြီး ဆံပင်များမှာ မဖြီးမခွဲဘဲ ရှိသည်။ သူက ထမင်းစားခန်းထဲတွင် လမ်းလျှောက်နေသည်။ အခန်းထောင့်တစ်ထောင့်မှ အခြားတစ်ထောင့်သို့ လျှောက်နေခြင်းကားမဟုတ်၊ လှောင်အိမ်ထဲက သားရိုင်းတိရစ္ဆာန်တစ်ကောင်လို လျှောက်မိလျှောက်ရာ လျှောက်နေခြင်းဖြစ်သည်။ စားပွဲအနီးတွင် သူရပ်လိုက်ပြီး လက်ဖက်ရည်ဖန်ခွက်ကို ကောက်ယူပြီး တစ်ကျိုက်ကျိုက်လိုက်သည်။ ထို့နောက် ဆက်ပြီးလျှောက်နေပြန်သည်။ တစ်စုံတစ်ခုတွင် အတွေးနစ်မြုပ်နေဟန် ရှိသည်။

"လက်ပတစ်က ဒီနေ့ကပဲ သမီးကို လက်ထပ်ခွင့်တောင်းတယ်"

ယူလီယာက မျက်နှာနီရဲစွာဖြင့် ပြောလိုက်သည်။

ဒေါက်တာက အဓိပ္ပာယ် နားမလည်ဟန်ဖြင့် သူမကို ကြည့်လိုက်သည်။

"လက်ပတစ် ဟုတ်လား၊ ပါနာရော့ရဲ့ ညီလား"

သူ့သမီးကို သူ ချစ်သည်။ သူ့သမီးသည် အနေးနှင့်အမြန်ဆိုသလို အိမ်ထောင်ပြုပြီး သူ့ကို ခွဲခွာသွားမည်ဖြစ်သည်။ သို့သော် သူက သည်အကြောင်းကို မစဉ်းစားဘဲနေသည်။ အထီးကျန်အဖြစ်က သူ့ကို ခြောက်လှန့်နေသည်။ ဤအိမ်ကြီးမှာ သူတစ်ယောက်တည်းသာနေရလျှင် သူ ရူးသွားရလိမ့်မည်ဟု ထင်နေသည်။ သို့သော် ဤအကြောင်းကို သူ ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုခြင်း မရှိပါ။

mgyoe.com

mgyoe.com


"အိမ်း ဖေဖေဝမ်းသာပါတယ်၊ ဖေဖေ လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါတယ်။ အိမ်း အခုဆိုရင် သမီးဆန္ဒအတိုင်း ဖေဖေ့ကို သမီးခွဲခွာသွားလို့ရပြီ။ သမီးသဘောကို ဖေဖေ ကောင်းကောင်းသိပါတယ်။ အသက်အရွယ်ကြီးတဲ့၊ နေမကောင်းဖြစ်နေတဲ့၊ စိတ်မနှံ့တဲ့ အဖေတစ်ယောက်နှင့် အတူနေဖို့ဆိုတာ သမီးတို့အရွယ်မှာ အတော်မလွယ်ဘူးဆိုတာ ဖေဖေသိပါတယ်၊ သမီးသဘောကို ဖေဖေ ကောင်းကောင်းသိပါတယ်၊ တကယ်လို့သာ ဖေဖေဟာ မကြာခင်မှာ သေသွားမယ်ဆိုရင် ဒါမှမဟုတ် မကောင်းဆိုးဝါးတွေက ဖေဖေ့ကို လာခေါ်သွားမယ်ဆိုရင် အားလုံးက ဝမ်းသာကြမှာပဲ၊ သမီးကို ဖေဖေ လှိုက်လှိုက်လှဲလှဲ ချီးကျူးပါတယ်"

"သမီး သူ့ကို ငြင်းလိုက်တယ်"

ဒေါက်တာ ရင်ထဲပေါ့သွားသည်။ သို့သော် သူ့စကားကို သူလက်စ မသတ်နိုင်သဖြင့် ဆက်ပြီးပြောသည်။

"ဖေဖေ စဉ်းစားနေတယ်၊ ဖေဖေ စဉ်းစားနေတာ အတော်ကြီးကို ကြာနေပြီ၊ ဖေဖေ့ကို ဘာဖြစ်လို့ အရူးထောင်ကို မပို့ကြသေးတာလဲ၊ ဖေဖေဟာ အရူးတွေဝတ်တဲ့ အင်္ကျီကြီးကို ဝတ်ထားရမယ့်အစား ဘာဖြစ်လို့ ဒီကုတ်အင်္ကျီကြီးကို ဝတ်ထားရတာလဲ၊ ဖေဖေဟာ အမှန်တရားကို အခုထက်ထိ ယုံကြည်နေတုန်းပဲ၊ ဖေဖေဟာ တကယ့်စိတ်ဝါဒီတစ်ယောက်ပဲ၊ အင်း ဒီခေတ်မှာတော့ ဒါဟာ ရူးတာပဲမဟုတ်လား၊ ဖေဖေရဲ့အမှန်တရားနဲ့ ဖေဖေရဲ့ရိုးသားတဲ့ရည်မှန်းချက်တွေကို လူတွေက ဘယ်လိုတုံ့ပြန်ကြသလဲ၊ သူတို့က ဖေဖေ့ကို ခဲတွေနဲ့ဝိုင်းပေါက်ကြတယ်၊ ဖေဖေ့ကို မညှာမတာ နိုင့်ထက်စီးနင်းလုပ်ကြတယ်၊ ဖေဖေနှင့် သွေးအနီးစပ်ဆုံး လူကတောင် ဖေဖေ့ကုပ်ပေါ် ခွစီးချင်တယ်၊ သေမင်းရယ် ကျုပ်ကို ခေါ်ပါတော့၊ ဒီအရူးအဘိုးကြီး..."

"ဖေဖေ့ကို ဘယ်တော့မှ ကောင်းကောင်း ပြောလို့မရဘူး"

ယူလီယာ စားပွဲမှ ဝုန်းခနဲထလိုက်ပြီး သူမ၏အခန်းသို့ ဒေါသတကြီးဖြင့် တက်သွားသည်။ ဖခင်ဖြစ်သူက သူမအပေါ်တွင် ညှာညှာတာတာ မရှိခဲ့သည်များကို အမှတ်ရနေသည်။ သို့သော် ခဏအကြာမှာပင် ဖခင်ကြီးအတွက် သူမ စိတ်မကောင်းဖြစ်သွားသည်။ သို့ဖြင့် ဖခင်ဖြစ်သူ ကလပ်သို့ သွားသောအခါ ဖခင်ကို အောက်ထပ်အထိ တွဲပို့သည်။ ဖခင်ထွက်သွားသော

mgyoe.com

mgyoe.com

အခါတွင်မှ တံခါးကို ပိတ်လိုက်သည်။

အပြင်ဘက်တွင် ရာသီဥတု ဆိုးရွားလျက်ရှိသည်။ ခက်ထန်ကြမ်းတမ်းလျက်ရှိသည်။ လေတိုးသည့် အရှိန်ကြောင့် တံခါးသည် တုန်ခါလျက်ရှိသည်။ အပေါက်ဝမှ အမှိုက်သရိုက်များ ပြေးဝင်လာကြပြီး ဖယောင်းတိုင်မီးငြိမ်းသွားသည်။

ယူလီယာသည် အပေါ်ထပ်ရှိ သူမ၏အဆောင်သို့ ရောက်ရှိသောအခါ အခန်းများအားလုံးသို့ သွားရောက်ပြီး တံခါးများနှင့် ပြတင်းပေါက်များပေါ်တွင် လက်ဝါးကပ်တိုင်သင်္ကေတ ပြုလုပ်သည်။ လေတိုက်သံ အော်မြည်နေသည်မှာ ခေါင်မိုးပေါ်တွင် လူတစ်ယောက် လမ်းလျှောက်နေသည့်အလားပင် ဖြစ်သည်။ သူမအဖို့ ယခင်အခါများကထက် ပိုပြီး အထီးကျန်နိုင်နေသည်ဟု ထင်ရသည်။ သည်လိုမျိုး တစ်ယောက်တည်းအဖြစ် ခံစားရမှုမျိုးကို သူမ ဘယ်တုန်းကမှ မခံစားခဲ့ရဖူးပါ။

သူမကိုယ်သူမ မေးမိသည်။ ၎င်း၏ပုံပန်းသဏ္ဌာန်ကို မနှစ်သက်သဖြင့် လူတစ်ယောက်၏အချစ်ကို ငြင်းဆန်လိုက်ခြင်းသည် မှန်ကန်ပါ၏လော။ သူသည် သူမ ချစ်သောလူတစ်ယောက် မဟုတ်သည်ကား အမှန်ပင်။ သူနှင့်လက်ထပ်လိုက်ခြင်းသည် သူမ၏စိတ်ကူးယဉ်အိပ်မက်များနှင့် တစ်ခါတည်း လမ်းခွဲလိုက်ရခြင်းပင် ဖြစ်သည်။ သူမမျှော်မှန်းသော အိမ်ထောင်ရေးဘဝနှင့် ပျော်ရွှင်ချမ်းမြေ့မှုများကို စွန့်လွှတ်လိုက်ရခြင်းပင် ဖြစ်မည်။ သို့သော်သူမသည် မိမိမျှော်မှန်းထားသော လူတစ်ယောက်ကို တွေ့ခဲ့ပါသလော။ ထိုသူနှင့် ချစ်ကြိုက်ခဲ့ရပါသလော။

သူမသည် ယခုအခါ အသက်နှစ်ဆယ့်တစ်နှစ် ရှိနေပြီဖြစ်သည်။ ဤမြို့ကလေးတွင် သူမ မျှော်မှန်းထားသော စံချိန်နှင့်ကိုက်ညီသော လူပျိုလူရွယ်တစ်ယောက်မှ မရှိပါ။ သူမ သိရှိသော ယောကျ်ားများအားလုံးကို စဉ်းစားကြည့်သည်။ အရာရှိများ၊ ကျောင်းဆရာများနှင့် စစ်ဗိုလ်များ ဖြစ်ကြသည်။ အချို့သောသူများသည် အိမ်ထောင်ကျကုန်ကြပြီ ဖြစ်သည်။ သူတို့၏အိမ်ထောင်ရေးဘဝများသည် ခြောက်ကပ်ငြီးငွေ့ဖွယ်ရာများ ဖြစ်ကြသည်။ တချို့တွေကျတော့လည်း စိတ်ဝင်စားဖွယ်ရာမရှိပါ။ အရောင်အသွေးမရှိပါ။ အသိဉာဏ်ပညာမရှိပါ။ ကိုယ်ကျင့်တရား မကောင်းကြပါ။

mgyoe.com

mgyoe.com


ဘာပဲဖြစ်ဖြစ် လက်ပတစ်မှာမူ မော်စကိုမြို့ကြီးသား ဖြစ်သည်။ တက္ကသိုလ်မှ ဘွဲ့ရရှိထားသည်။ ပြင်သစ်စကား ကောင်းစွာပြောတတ်သည်။ ပညာတတ်များ၊ ထင်ရှားသူများ၊ ဂုဏ်သရေရှိမှုးမတ်များ နေထိုင်ရာမြို့တော်ကြီးတွင် နေထိုင်သူဖြစ်သည်။ ယင်းမြို့တော်ကြီးတွင် လှုပ်ရှားမှုတွေ အများကြီး ရှိသည်။ အထူးကောင်းမွန်သော ပြဇာတ်ရုံကြီးများ ရှိသည်။ ညနေဆည်းဆာ ဂီတပွဲသဘင်များ ရှိသည်။ အကောင်းဆုံးအဝတ်ချုပ်သမား ရှိသည်။ အကောင်းဆုံး မုန့်ရောင်းချသူများ ရှိသည်။

သမ္မာကျမ်းစာတွင်မူ ဇနီးသည်တစ်ယောက်သည် သူမ၏ခင်ပွန်းကို ချစ်ခင်ရမည်ဟု ဆိုပါသည်။ ဝတ္ထုများတွင်မူ အချစ်ကို အထူးတန်ဖိုးထားပါသည်။ သို့သော် သည်အဆိုများက အနည်းငယ် ပိုလွန်းရာမကျပေဘူးလား။ အိမ်ထောင်ရေးဘဝတစ်ခုကို အချစ်မပါဘဲ မတည်ဆောက်နိုင်ဘူးလား။ အချစ်ဟူသည်မှာ လျင်မြန်စွာ ကုန်ဆုံးသွားပြီး အလေ့အကျင့်သည်သာလျှင် ကျန်ရစ်သည်ဟု ပြောကြသည် မဟုတ်ပါလား။

အိမ်ထောင်ရေးဘဝ၏ အဓိကရည်မှန်းချက်မှာ အချစ်လည်းမဟုတ်ပါ။ ပျော်ရွှင်ချမ်းမြေ့မှုလည်း မဟုတ်ပါ။ တာဝန်ဝတ္တရားသာ ဖြစ်သည်။ ဥပမာ ကလေးတွေ၏ ပညာရေး၊ အိမ်ထောင်ထိန်းသိမ်းမှု စသည်စသည်များ။ ဟုတ်ပြီ။ သမ္မာကျမ်းစာတွင် သင်၏ခင်ပွန်းကို ချစ်ရမည်ဟု ဆိုထားခြင်းမှာ သင်၏အိမ်နီးချင်းကို ချစ်ရမည်ဟူသော သဘောသာလျှင် ဖြစ်ရမည်။ ခင်ပွန်းသည်ကို လေးစားရမည်။ သူ့အလိုလိုက်ရမည်။

ယူလီယာသည် ထိုညက စိတ်ပါလက်ပါပင် ဆုတောင်းပတ္ထနာပြုသည်။ ထို့နောက် ပုံတော်ကား မီးတိုင်ထွန်းညှိထားရာ အခန်းထောင့်တွင် ဒူးထောက်ပြီး ရင်ဘတ်တွင် လက်နှစ်ဖက်ဖိကပ်ကာ...

"သမီးတော်ကို လမ်းညွှန်တော်မူပါ မယ်တော်ဘုရား၊ သမီးတော်ကို လမ်းညွှန်တော်မူပါ အရှင်ဘုရား"

သူမ၏ဘဝတွင် လူလတ်ပိုင်းအရွယ်သို့ ရောက်နေသော အပျိုဟိုင်းကြီးများကို တွေ့ဖူးသည်။ သူတို့၏ကိုယ်ခန္ဓာ ဖျော့တော့နေပြီး သူတို့၏ဘဝသည် ဘာမျှအရေးပါအရာရောက်ခြင်း မရှိပါ။ သူတို့သည် ယခုအခါတွင် တစ်ကြိမ်က သူတို့ကိုလက်ထပ်ရန် တောင်းခံခဲ့သူများကို ငြင်းပယ်ခဲ့မိသည့်

mgyoe.com

mgyoe.com

အတွက် ကြီးမားစွာ နှောင်တတရား ရရှိနေကြသည်။ သူမအနေနှင့်ရော ဤအတိုင်း မဖြစ်နိုင်သလော။ သူမအနေနှင့် သီလရှင်ကျောင်းတစ်ကျောင်းသို့ ရောက်ရှိသွားနိုင်သည် မဟုတ်ပါလော။ သို့မဟုတ် စေတနာရှင် သူနာပြုဆရာမတစ်ဦး ဖြစ်သွားနိုင်သည် မဟုတ်ပါလော။

ယူလီယာ အဝတ်အစားများ ချွတ်ပြီးနောက် အိပ်ရာဝင်သည်။ သူမ၏ကိုယ်ပေါ်တွင်နှင့် သူမ၏ပတ်ပတ်လည်တွင် လက်ဝါးကပ်တိုင် သင်္ကေတများ ပြုလုပ်သည်။ ရုတ်ခြည်းဆိုသလိုပင် လူသွားစင်္ကြံမှ လူခေါ်ခေါင်းလောင်းသံ စူးရှစွာ ပေါ်ထွက်လာသည်။

"အို ဘုရားသခင်"

လူခေါ်ခေါင်းလောင်းသံကြောင့် သူမ၏ကိုယ်လုံးတွင် အမျက်ဒေါသများ ပျံ့နှံ့သွားပြီး စိတ်တိုစွာရွတ်ဆိုလိုက်သည်။ သူမက ခုတင်ပေါ်တွင် ဆက်လက်လဲလျောင်းနေရင်း နယ်တွင်နေထိုင်ရသော ဘဝသည် အဘယ်မျှ ခြောက်ကပ်ပြီး အဘယ်မျှ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည်ကို စဉ်းစားနေမိသည်။ တစ်ပြိုင်တည်းမှာပင် အေးချမ်းမှုမရှိသည်ကိုလည်း တွေးဆနေမိသည်။ မကြာခဏဆိုသလိုပင် တုန်လှုပ်သွားရသည်။ သတိထားပြီး နေရသည်။ ဒေါသဖြစ်ရသည်။ သို့မဟုတ် မိမိမှာအပြစ်ရှိသည်ဟု ခံစားရသည်။ နောက်ဆုံးတွင် မည်သို့မျှ ဒဏ်မခံနိုင်တော့ဘဲ ထိတ်လန့်ချောက်ချားကာ ခေါင်းမြီးခြုံဖွင့်ပြီး မကြည့်ရဲသလောက် ရှိရသည်။

နာရီဝက်ခန့်အကြာတွင် လူခေါ်ခေါင်းလောင်းသံ စူးရှစွာ ထွက်ပေါ်လာပြန်သည်။ အစေခံများ အိပ်ပျော်နေကြသဖြင့် ခေါင်းလောင်းသံကို မကြားကြဟု ထင်ရသည်။ ယူလီယာ တုန်ယင်စွာဖြင့် ဖယောင်းတိုင်ကို ထွန်းလိုက်သည်။ အစေခံတွေကို ဒေါသဖြစ်ရသည်။ အိပ်ရာမှထပြီး အဝတ်အစားများ ဝတ်ဆင်ရသည်။ အဝတ်အစားများ ဝတ်ပြီးသောအခါ လူသွားစင်္ကြံဆီသို့ ထွက်သွားသည်။ အစေခံအမျိုးသမီးတစ်ယောက်က တံခါးကို ပြန်ပိတ်နေသည်ကို တွေ့ရသည်။

"ကျွန်မ သခင်ကြီးပြန်လာပြီလို့ အောက်မေ့တယ်၊ ဒါပေမဲ့ မဟုတ်ပါဘူး၊ လူနာရှင်တစ်ယောက်ပဲ"

ယူလီယာ ဆာကျီယက်ဗနာ သူမ၏အခန်းသို့ ပြန်သည်။ အံဆွဲတစ်ခု

mgyoe.com


အတွင်းမှ ဖဲထုပ်တစ်ထုပ်ကို ထုတ်ယူလိုက်သည်။ ဖဲထုပ်ကို ကုလားဖန်ထိုးပြီး ချိုးလိုက်သည်။အောက်ဆုံးမှ ဖဲချပ်သည် အနီဖြစ်ခဲ့လျှင် 'ဟုတ်ကဲ့'ဟု အဓိပ္ပာယ်ကောက်ယူမည်။ လက်ပတစ်၏ လက်ထပ်ခွင့် တောင်းဆိုသည်ကို လက်ခံမည်။ အကယ်၍ အနက်ဖြစ်ခဲ့လျှင် 'ဟင့်အင်း' ပင်ဖြစ်သည်။ အောက်ဆုံးဖဲချပ်က စပိတ်တစ်ဆယ် ဖြစ်သည်။

ယင်းအဖြစ်က သူမ၏ဆုံးဖြတ်ချက်ကို အသားကျစေသည်။ သူမ အိပ်ပျော်သွားသည်။ သို့သော် မနက်မိုးလင်းသောအခါတွင်ကား မဟုတ်ဘူး၊ ဟုတ်တယ်ဟူသော ပြဿနာက ပြန်ပေါ်လာပါသည်။ သူမ၏ဘဝကို ပြောင်းလဲလိုလျှင် ယခုအချိန်တွင် ပြောင်းလဲနိုင်ကြောင်း သူမ စဉ်းစားမိသည်။ အတွေးများ ဖိစီးလာသဖြင့် သူမမှာ နွမ်းနယ်ရတော့သည်။ နေမကောင်းချင်သလို ဖြစ်လာရတော့သည်။ သို့တစေလည်း နံနက် ၁၁ နာရီအချိန်တွင်ကား သူမသည် အဝတ်အစားများ လဲလှယ်ပြီးနောက် နီနာဖိဒိုရှော့ဗနာထံသို့ သွားရောက်သည်။ လက်ပတစ်နှင့်သူမ တွေ့ချင်သည်။ ယခုတစ်ကြိမ် တွေ့မြင်ရလျှင် သူ၏သွင်ပြင်လက္ခဏာများ ပိုပြီးကောင်းမွန်လာနိုင်သည်။ သူမအနေဖြင့် အထင်အမြင် လွဲမှားခဲ့ခြင်းများ ဖြစ်နိုင်သည်။

လေတိုက်ထဲတွင် လမ်းလျှောက်ရသည်မှာ ပင်ပန်းလှသည်။ ရှေ့သို့ မတိုးနိုင်သလောက်ပင် ဖြစ်သည်။ ဦးထုပ်ကို လက်နှစ်ဖက်ဖြင့် ဖိထားရသည်။ ဖုန်တွေသဲတွေကြောင့် ဘာကိုမျှ ကောင်းကောင်းမမြင်ရပါ။

❒

mgyoe.com

mgyoe.com

# ၄

အစ်မဖြစ်သူ၏အခန်းတွင်းသို့ လက်ပတစ် ဝင်ရောက်သွားသောအခါ မမျှော်လင့်ဘဲ ယူလီယာကို တွေ့ရှိရသည်။ ထိုအခါ အနှိမ်ခံရသော လူတစ်ယောက်အနေနှင့် မနှစ်မြို့ဖွယ်ရာတစ်ခုကို ထပ်မံခံစားရသည်။ ယမန်နေ့က ပြဿနာဖြစ်ခဲ့ပြီးသည့် နောက်ပိုင်းတွင် သူမအနေနှင့် မိမိအစ်မထံသို့ လာရောက်ပြီး မိမိကို အေးအေးဆေးဆေး တွေ့ဆုံနိုင်ခြင်းသည် သူမအနေနှင့် မိမိကို မည်သို့မျှ သဘောမထား၍ပဲဖြစ်မည်ဟု သူ ကောက်ချက်ချလိုက်သည်။ မိမိကို နည်းနည်းကလေးမှ လူရာမသွင်းနိုင်သောကြောင့်ပင် ဖြစ်မည်။ သို့သော် သူမကို သူ နှုတ်ဆက်လိုက်သောအခါတွင်ကား သူမက သူ့ကို ဖြူရော်သောမျက်နှာဖြင့် ပြန်ကြည့်ပါသည်။ သူမလည်း စိတ်ဒုက္ခခံစားနေရကြောင်း သူ ရိပ်စားမိလိုက်သည်။

သူမ နေ၍ထိုင်၍ မကောင်းပါ။ သူမ ခဏသာနေပြီး ဆယ်မိနစ်လောက်သာနေပြီး ပြန်သွားပါသည်။ ပြန်ခါနီးတွင် သူမက လက်ပတစ်ကို ပြောလိုက်သည်။

mgyoe.com

mgyoe.com


"ကျွန်မကို အိမ်လိုက်ပို့ပါ အလက်ဇီဖီဒိုရစ်"

သူတို့သည် လမ်းမကြီးအတိုင်း တိတ်ဆိတ်စွာပင် လျှောက်သွားကြသည်။ ခေါင်းမှဦးထုပ်များကို ဖိထားကြရသည်။ သူက သူမကို လေကွယ်ပေးသည့်အနေဖြင့် သူမနောက်ဘက်မှ လိုက်ပါသွားသည်။ လမ်းငယ်လေးအတွင်းသို့ ဝင်မိသောအခါ လေအတော်ငြိမ်သွားသည်။ သူတို့ ဘေးချင်းယှဉ်ပြီး လျှောက်ကြသည်။

"ကျွန်မ မနေ့ကပြောတာ စာနာမှုမရှိဘူးဆိုရင် ကျွန်မ တောင်းပန်ပါတယ်၊ တကယ်ကို စိတ်ဆင်းရဲရပါတယ်၊ ကျွန်မ ညက တစ်ညလုံး အိပ်မပျော်ဘူး"

သူမ၏အသံက ငိုတော့မည်ကဲ့သို့ တုန်နေပါသည်။

"ကိုယ်ကတော့ တစ်ညလုံး အိပ်ပျော်သွားတာပဲ" လက်ပတစ်က သူမကိုမကြည့်ဘဲ ပြောလိုက်သည်။ "ဒါပေမဲ့ အဲဒီလို အိပ်ပျော်သွားတဲ့အတွက် ကိုယ့်အခြေအနေ မကောင်းပါဘူး၊ ကိုယ့်ဘဝဟာ ပျက်စီးတာပဲ၊ ကိုယ် တကယ်စိတ်ဆင်းရဲရတာပဲ၊ မနေ့က မင်းငြင်းလိုက်တဲ့နောက်ပိုင်းမှာ ကိုယ်ဟာ အဆိပ်မိခံထားရတဲ့ လူတစ်ယောက်လိုပဲ လမ်းလျှောက်နေမိတယ်၊ မနေ့ကပြောရတာ ကိုယ့်အဖို့ အတော့်ကိုပင်ပန်းတယ်၊ ကနေ့တော့ ကိုယ်ဟာ မင်းနဲ့ ဘာမှပြဿနာမရှိတော့တဲ့အတွက် ကိုယ့်စိတ်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်းပြောမယ်၊ ကိုယ်ဟာ မင်းကို ကိုယ့်အစ်မထက်လည်း ချစ်တယ်၊ သေသွားတဲ့ ကိုယ့်အမေထက်လည်း ချစ်တယ်၊ ကိုယ့်အစ်မ မရှိဘဲနှင့်လည်း ကိုယ်နေနိုင်တယ်၊ ကိုယ့်အမေမရှိဘဲနှင့်လည်း ကိုယ်နေနိုင်တယ်၊ ဒါပေမဲ့ မင်းမရှိဘဲနှင့် နေဖို့ဆိုတာကတော့ ကိုယ့်အဖို့ ဘယ်လိုမှ မစဉ်းစားနိုင်တဲ့အရာပဲ၊ မဖြစ်နိုင်တဲ့..."

ယခုအခါတွင် သူမ၏ရည်ရွယ်ချက်ကို ပုံမှန်အတိုင်း မှန်းဆနိုင်ပြီဖြစ်သည်။ သူမက မနေ့ကစကားကို ပြန်ပြီးဆက်လိုသည်။ ယင်းအတွက် သူ့ကို လိုက်ပို့ခိုင်းခြင်း ဖြစ်သည်။ ယခုကဲ့သို့ စကားပြောနေခြင်းဖြစ်သည်။ သို့သော် သူမ၏ငြင်းလိုက်မှုကို သူမက ဘာများထပ်ပြီးဖြည့်စွက်နိုင်ဦးမည်နည်း။ သူမက မည်သည့်အခြင်းအရာသစ်ကိုများ ဖန်တီးနိုင်ဦးမည်နည်း။ သူမ၏အကြည့်၊ သူမ၏အပြုံး၊ သူ၏နံဘေးတွင် လမ်းလျှောက်နေသော

mgyoe.com

mgyoe.com


သူမ၏အမူအရာ ဟန်ပန်များအားလုံးတွင် သူ တွေ့မြင်နေရသည်က အရင်ကအတိုင်းပင် ဖြစ်သည်။ သူမက သူ့ကိုမချစ်ပါ။ သူက သူမအဖို့ သူစိမ်းတစ်ယောက်သာ ဖြစ်သည်။ သည်တော့ သူမက ဘာများထပ်ပြီး ပြောချင်သေးသနည်း။

ဒေါက်တာ ဆာဂျီဗိုရီဗစ် အိမ်မှာရှိနေသည်။

"မောင်ရင့်ကို ကြိုဆိုပါတယ်၊ မောင်ရင့်ကိုတွေ့ရတာ သိပ်ဝမ်းသာပါတယ်။ ဖီဒါအလက်ဇီ၊ သိပ်ဝမ်းသာတယ်၊ သိပ်ဝမ်းသာတယ်။

အဘိုးကြီးက သူ့နာမည်ကို အမှားမှားအယွင်းယွင်း ပြောပါသည်။

သူက အရင်တုန်းက ဤမျှပျူပျူငှာငှာ မရှိခဲ့ပါ။ သူ၏လက်ထပ်ခွင့် တောင်းဆိုမှုကို အဘိုးကြီး သိနေပြီဟု လက်ပတစ် တွက်ချက်လိုက်သည်။ ယင်းအဖြစ်ကို သူ သဘောမကျပါ။

သူသည် ယခုအခါ အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်လျက်ရှိသည်။ ဤအခန်းသည် သူ့စိတ်ထဲတွင် တစ်မျိုးဖြစ်ရသည်။ ခပ်ရိုးရိုးခပ်အအ ပရိဘောဂများကြောင့်ဖြစ်သည်။ ခပ်ညံ့ညံ့ပန်းချီကားများကြောင့် ဖြစ်သည်။ လက်တင်ကုလားထိုင်များနှင့် ဧရာမအုပ်ဆောင်းမီးအိမ်ကြီး တစ်ခုရှိသော်လည်း ဤလိုအခန်းမျိုးတွင် ဒေါက်တာဗိုရီဗစ်လို လူစားမျိုးသာ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားနေထိုင်နိုင်မည် ဖြစ်သည်။

နောက်ထပ် ဧည့်ခန်းတစ်ခု ရှိသေးသည်။ ဤအခန်းထက် နှစ်ဆကြီးသည်။ ခန်းမဆောင်ကြီးဟု ခေါ်သည်။ သို့သော် ထိုအခန်းထဲတွင် ရိုးရိုးကုလားထိုင်များသာ ရှိသည်။ အကသင်တန်း ခန်းမကြီးတစ်ခုပမာသာ ဖြစ်သည်။

လက်ပတစ်သည် အိမ်ရှေ့ဧည့်ခန်းတွင် အစ်မအကြောင်း ဒေါက်တာနှင့်ပြောနေရင်း စိတ်ထဲတွင် သံသယတစ်ခု ဖိစီးလာတော့သည်။ ယူလီယာသည် သူ့အစ်မနီနာထံသို့လာပြီး အပြန်တွင် သူ့ကို ဤသို့ခေါ်လာခြင်းသည် သူ၏လက်ထပ်ခွင့် တောင်းဆိုခြင်းကို လက်ခံကြောင်း ပြောဆိုရန်အတွက်ပင်လော။

အို…ဒါဆိုရင် ဘယ်လောက်များ တုန်လှုပ်ချောက်ချားဖွယ်ရာ ကောင်းလိုက်ပါသလဲ။ တုန်လှုပ်ချောက်ချားဖွယ်ရာ အကောင်းဆုံးကတော့ သည်လို

mgyoe.com

mgyoe.com


သံသယမျိုးကို သူ၏နှလုံးသားက လက်ခံနိုင်ခြင်းပင် ဖြစ်သည်။

ယမန်နေ့ညက အဖေနှင့်သမီး အကြာကြီးဆွေးနွေးနေကြသည့် အဖြစ်ကို သူ မြင်ယောင်လာသည်။ သူတို့နှစ်ယောက် အတော်ကြီးကြာအောင် ငြင်းခုံနေကြပေဦးမည်။ နောက်ဆုံးတွင်မှ သဘောတူညီမှုကို ရရှိကြပေမည်။ ယူလီယာအနေနှင့် သူဌေးတစ်ယောက်ကို ငြင်းပယ်လိုက်ခြင်းသည် အတွေးအခေါ်ကင်းမဲ့ခြင်းပင် ဖြစ်သည်။ သည်လိုအချိန်မျိုးတွင် မိဘများကပြောမည့် စကားကို သူ နားထဲတွင် ကြားယောင်လာသည်။

"သမီး သူ့ကို မချစ်ဘူးဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သမီးဘဝရဲ့ကောင်းစားရေးကိုလည်း တစ်ဖက်က တွေးသင့်တယ်"

ဒေါက်တာက သူ့လူနာများကို သွားရောက်ကြည့်ရှုရန် ပြင်ဆင်သည်။ လက်ပတစ်ကလည်း ဒေါက်တာနှင့်အတူ လိုက်ပါရန် ရှိနေသည်။ သို့သော် ယူလီယာက

"အစ်ကို နေခဲ့ပါဦး"

သူမက နွမ်းလျနေသည်။ စိတ်ဓာတ်ကျနေသည်။ ယုံကြည်လေးစားဖွယ်ရာကောင်းသော၊ သနားကြင်နာတတ်သော၊ သစ္စာတရားရှိသော လူတစ်ယောက်ကို စွဲလမ်းနှစ်သက်ဖွယ်ရာ မကောင်းဟူသော အကြောင်းပြချက်ဖြင့် ငြင်းပယ်လိုက်ခြင်းသည် မှားယွင်းကြောင်း သူမကိုယ်သူမ အထပ်ထပ် နားချလျက်ရှိသည်။ အထူးသဖြင့် ဤသို့လက်ထပ်လိုက်ခြင်းအားဖြင့် သူမ၏ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းသော၊ ပျော်ရွှင်မှုကင်းမဲ့သော၊ အပြောင်းအလဲမရှိသောဘဝကို ပြောင်းလဲပစ်နိုင်သောကြောင့် ဖြစ်သည်။ သူမ၏ လက်ရှိဘဝက အသက်အရွယ် ကြီးရင့်သွားသောအခါတွင် ဘာတစ်ခုမျှ အကောင်းဖြစ်လာရန် အကြောင်းမရှိပါ။ ဤလို အခြေအနေမျိုးတွင် ငြင်းဆန်လိုက်ခြင်းသည် ရူးသွပ်ခြင်းသာဖြစ်၏။ ထင်မိထင်ရာ ပြုလုပ်ခြင်းသာ ဖြစ်၏။ ပေါက်တတ်ကရ ပြုလုပ်ခြင်းသာ ဖြစ်သည်။ သည်အတွက် ဘုရားသခင်ကပင်လျှင် သူမကို ပြစ်ဒဏ်ခတ်နိုင်ပါသည်။

သူမ၏ဖခင် ထွက်သွားသည်။ ဖခင်၏ခြေသံများ ပျောက်သွားသောအခါ သူမက လက်ပတစ်၏ရှေ့တွင် ရပ်လိုက်ပြီး ပြတ်သားစွာ ပြောလိုက်သည်။ သူမ၏မျက်နှာ ဖြူရော်လျက်ရှိသည်။

mgyoe.com

mgyoe.com

"ကျွန်မ မနေ့က အတော်ကြီးကြာအောင် စဉ်းစားတယ်၊ အလက်ဇီဖိဒို ရစ်…။ အစ်ကိုရဲ့စကားကမ်းလှမ်းမှုကို ကျွန်မ လက်ခံပါတယ်"

သူ ကုန်းငုံ့ပြီး သူမ၏လက်ကို နမ်းလိုက်သည်။ သူမက သူ၏ဦး ခေါင်းကို အေးစက်သောနှုတ်ခမ်းများဖြင့် ကသိကအောက် ပြန်နမ်းပါသည်။

ဤကဲ့သို့ အချစ်ဖွဲ့ဆိုကြရာတွင် အရေးအကြီးဆုံးသော အချက်တစ်ခု လိုအပ်နေသည်ဟု လက်ပတစ် ယူဆမိသည်။ ယင်းမှာ သူမ၏အချစ်ပင် ဖြစ်သည်။ သူ တအားကုန် ဟစ်အော်လိုက်ချင်သည်။ တခြားသို့ ထွက်ပြေး သွားချင်သည်။ အခုချက်ချင်းပင် မော်စကိုသို့ ပြန်သွားချင်သည်။ သို့သော် သူမက သူ့အနီးမှာကပ်ပြီး ရပ်နေသည်။ သူမက သူ့အတွက် အထူးပင်လှပ နေသည်။ သည်တော့ သူ့တွင် အချစ်ဇောများရုတ်ခြည်းပင် ဖုံးလွှမ်းလာရ တော့သည်။ သို့ဖြင့် သူသည် စဉ်းစားချိန်ဆမနေနိုင်ဘဲ သူမကို မက်မောစွာ ပွေ့ဖက်လိုက်သည်။ သူမ၏ ကိုယ်ခန္ဓာကလေးကို သူ၏ရင်ခွင်တွင်းသို့ ဆွဲယူလိုက်သည်။ စကားတွေ တွတ်တွတ်တွတ်တွတ် ပြောမိသည်။ ချစ်စနိုး တွေ ပြောမိသည်။ သူမ၏လည်ကုပ်ကို နမ်းမိသည်။ ထို့နောက် ပါးပြင်ကို နမ်းသည်။ ထို့နောက် ဦးခေါင်းကို နမ်းသည်။

သူမက ယင်းဖက်ယမ်း နမ်းရှုပ်မှုများကို ကြောက်လန့်သောအားဖြင့် ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ယခုအခါတွင် သူတို့နှစ်ယောက် စလုံးပင် ပြဿနာပြီးပြတ်သွားသည့်အတွက် ဝမ်းနည်းနေကြသည်။ "ဘာ ဖြစ်လို့ ဒီလိုဖြစ်သွားရတာလဲ" ဟု နှစ်ယောက်စလုံးပင် ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး မေးခွန်းထုတ်နေမိသည်။

"ကျွန်မ ဘယ်လောက်စိတ်မချမ်းသာ ဖြစ်နေရတယ်ဆိုတာ အစ်ကို မသိဘူး"

သူမက လက်နှစ်ဖက်ကို ပိုက်လိုက်ရင်း ပြောသည်။

"မင်းမှာ ဘာတွေဖြစ်နေလို့လဲ၊ အို…အချစ်ရယ် ကိုယ့်ကိုပြောစမ်းပါ၊ ဘာတွေဖြစ်နေလို့လဲ၊ အမှန်အတိုင်း ပြောစမ်းပါ၊ ကိုယ့်ကို အမှန်အတိုင်း ပြောစမ်းပါ"

သူက သူမထံသို့လျှောက်သွားပြီး သူမကဲ့သို့ပင် လက်နှစ်ဖက်ကို ပိုက်ထားလိုက်ရင်း မေးသည်။

mgyoe.com

mgyoe.com


"အို...အဲဒါကို ဘာမှမစဉ်းစားပါနဲ့" သူမက ယင်းသို့ပြောလိုက်ပြီး ကြိုးစားပြီး ပြုံးလိုက်သည်။ ထို့နောက် "ကျွန်မကတိပေးပါတယ်၊ ကျွန်မဟာ တကယ့်ကို ချစ်ခင်မြတ်နိုးတတ်တဲ့ ဇနီးတစ်ယောက် ဖြစ်ရပါစေ့မယ်၊ မနက် ဖြန်ညနေကျရင် လာခဲ့ပါဦး"

ထို့နောက် အစ်မဖြစ်သူ၏ အခန်းထဲတွင် သမိုင်းနောက်ခံဝတ္ထုတစ်ပုဒ် ကိုဖတ်နေရင်း သူသည် အထက်ပါအဖြစ်အပျက်များ အားလုံးကို မှတ်မိနေ ပြီး ဒေါသ ဖြစ်နေရတော့သည်။ ချစ်ခြင်းမေတ္တာကို သူ မရပါ။ သို့သော် လက်ထပ်ခွင့်တောင်းဆိုခြင်းကိုကား ရရှိပါသည်။ သူ ချမ်းသာ၍ပဲ ဖြစ်မည်။ သူ့အနေနှင့် နည်းနည်းကလေးမျှ တန်ဖိုးမထားသည့်အရာကို သူတို့က တန်ဖိုးထားကြ၍ပဲ ဖြစ်သည်။ ဘုရားတရားကို ကြည်ညိုလေးစားလှသော ယူလီယာသည် ပိုက်ဆံကိုမက်မည် မဟုတ်ပါ။ သို့သော် သူမက သူ့ကိုမချစ် ပါ။ သူမက ပိုက်ဆံကိုလည်း မမက်ဘဲနှင့်၊ သူ့ကိုလည်း မချစ်ဘဲနှင့် လက်ထပ် ရန် သဘောတူခြင်းသည် အခြားအကြောင်းတစ်ခု ရှိပေလိမ့်မည်။ မည်သည့် အကြောင်းဟု သေသေချာချာ မသိရသော်လည်း အကြောင်းတစ်ခုခု ရှိသည် ကား အမှန်ပင်ဖြစ်သည်။

ဒေါက်တာဗိုရီဇစ်၏ အိမ်ကြီးသည် ပရိဘောဂ အသုံ့စားများသာ ရှိသဖြင့် အနည်းငယ်မျှ နှစ်သက်ဖွယ်ရာ မရှိပါ။ ဒေါက်တာကိုယ်တိုင် ကလည်း သနားစရာသတ္တဝါတစ်ဦး ဖြစ်သည်။ ပုကွကွ၊ ကပ်စေးနဲ ကော် တရာကြီး ဖြစ်သည်။

တကယ့် သူစိမ်းတစ်ရုံဆံတွေလို ဖြစ်ကြသော မိမိတို့နှစ်ယောက် ဘယ်လိုလုပ်ပြီး လက်ထပ်မင်္ဂလာပွဲကို သွားကြရမည်နည်းဟု သူ စဉ်းစားနေ မိသည်။ သူမဘက်က တစ်စက်ကလေးလောက်မျှ အချစ်စိတ်မရှိပါ။ အောင် သွယ်တစ်ယောက်က စေ့စပ်လာသဖြင့် ညားကြရသည့်ပမာ ဖြစ်သည်။ သူ့မှာ ဖြေသိမ့်စရာတစ်ခုပဲ ရှိသည်။ သည်ကဲ့သို့ လက်ထပ်ရခြင်းသည် သူ့အနေနှင့် ပထမဆုံး သို့မဟုတ် နောက်ဆုံးလည်း မဟုတ်ပါ။ သည်လိုမျိုး လက်ထပ်ကြသူများ ထောင်နှင့်သောင်းနှင့်ချီပြီး ရှိကြသည်ဟူသော အချက် ပင်ဖြစ်သည်။ အချိန်ကြာလာသောအခါ ယူလီယာသည် သူ့အကြောင်းသိ လာပြီး သူ့ကို ချစ်လာလိမ့်မည်ဟု သူ မျှော်လင့်ရပါသည်။

mgyoe.com

mgyoe.com

"ရိုမီယို နှင့် ယူလီယာ"

သူက စာအုပ်ကိုပိတ်လိုက်ပြီး ရယ်မောကာ ပြောဆိုသည်။

"ကျွန်တော်က ရိုမီယိုပဲ နီနာ၊ အစ်မ ကျွန်တော့်ကို ဂုဏ်ပြုတော့၊ ကျွန်တော် ကနေ့ပဲ ယူလီယာကို လက်ထပ်ဖို့ တောင်းဆိုခဲ့တယ်"

ပထမတွင် သူ နောက်ပြောင်နေသည်ဟု နီနာထင်မိသည်။ နောက်မှ သူ အတည်ပြောနေမှန်းသိရှိပြီး မျက်ရည်တွေ သွန်ကျလာသည်။ သည်သတင်းကို နီနာ မနှစ်သက်ပါ။

"ဟုတ်လား၊ ဒါဆိုရင် မမဝမ်းသာပါတယ် မောင်လေးရယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ဒါလောက် မြန်မြန်ဆန်ဆန်ကြီး ဖြစ်ရတာလဲကွယ်"

"ဟင့်အင်း၊ မမြန်ပါဘူး၊ ကြာလှပါပြီ၊ မတ်လကတည်းက စခဲ့တာပါ၊ အစ်မ သတိမထားမိလို့ပါ၊ သူ့ကို ကျွန်တော် မတ်လထဲတုန်းက ဒီအခန်းထဲမှာ တွေ့ရကတည်းက ချစ်ခဲ့တာပါ"

"မောင်လေးဟာ မော်စကိုက မိန်းကလေးတစ်ယောက်ယောက်နဲ့ အိမ်ထောင်ကျမှာပဲလို့ မမ အမြဲတမ်းထင်ခဲ့တယ်၊ မမတို့ အသိုင်းအဝိုင်းက မိန်းကလေးတွေက ရိုးသားကြတယ်၊ ဒါပေမဲ့ အလက်ရှာ၊ အရေးအကြီးဆုံး အချက်ကတော့ မောင်လေးအနေနှင့် စိတ်ချမ်းသာဖို့ပဲ၊ ဒါဟာ အရေးအကြီးဆုံးပဲ၊ မမရဲ့ ဂရီဂိုရီနီကိုလေဟာ မမကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ အဲဒါကို နည်းနည်းကလေးမှ ဖုံးကွယ်မထားဘူး၊ မမတို့ဘဝကို ဘယ်လိုဆိုတာ မောင်လေးအမြင်ပဲ မဟုတ်လား၊ မောင်လေးရဲ့ ရိုးသားမှုနှင့် အသိပညာကြွယ်ဝမှုအတွက် မောင်လေးကို ဘယ်မိန်းကလေးကမဆို ချစ်နိုင်တယ်၊ ဒါပေမဲ့ အမျိုးသမီးတက္ကသိုလ်က ဘွဲ့ရလာတဲ့ မိန်းကလေးတစ်ယောက်၊ မှူးမျိုးမတ်မျိုးက ဆင်းသက်လာတဲ့ ယူလီယာအဖို့ဆိုရင်တော့ ရိုးသားမှုနဲ့ အသိဉာဏ်ကြွယ်ဝမှုဟာ သူ့အတွက် ဒါလောက်မဟုတ်လှဘူး၊ နောက်ပြီးတော့ သူက ငယ်တယ်၊ မောင်လေးက မငယ်တော့ဘူး၊ နောက်ပြီးတော့ မောင်လေးက မလှဘူး"

သူမ၏နောက်ဆုံးစကားကို ဖြေသည့်အနေဖြင့် သူမက သူ့ပါးကိုပွတ်သပ်လိုက်ပြီး...

"မောင်လေးက မလှဘူး၊ ဒါပေမဲ့ ချစ်စရာကောင်းတယ်"

mgyoe.com

mgyoe.com


သူမက စိတ်ပါလက်ပါ ရှိလာသဖြင့် သူမ၏ပါးပြင်နှစ်ဖက်သည်ပင် အနည်းငယ် နီမြန်းလာသည်။ သူမအနေဖြင့် အလက်ရှာကို ကောင်းချီးပေးလိုက်ကြောင်း တင်စားမှုဖြင့် ပြောဆိုသည်။ သူမက အစ်မဖြစ်သည်။ အစ်မကြီး အမိရာ မဟုတ်ပါလား။ ထို့နောက် ထိခိုက်ညှိုးငယ်နေသော မောင်ငယ်အား မင်္ဂလာအခမ်းအနားကို မည်သို့ပြုလုပ်သင့်ကြောင်း၊ ထုံးတမ်းစဉ်လာနှင့် အညီ ဖြစ်သင့်ကြောင်း၊ ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်း ဖြစ်သင့်ကြောင်း၊ သို့မှသာလျှင် အများက ပြစ်တင်ကဲ့ရဲ့ခြင်း မပြုမည်ဖြစ်သည်။

သည့်နောက်တွင်ကား လက်ပတစ်သည် ဒေါက်တာဗီလာဗစ်၏ အိမ်သို့ အသိအမှတ်ပြုထားပြီးဖြစ်သော သတို့သားလောင်း တစ်ဦးအနေဖြင့် တစ်နေ့လျှင် သုံးလေးကြိမ်မျှ သွားရောက်ပါသည်။ သူ့မှာ ဆာရှာနှင့် တစ်လှည့်စီတာဝန်ယူချိန် မရှိတော့ပါ။ အစ်မဖြစ်သူအား သမိုင်းနောက်ခံဝတ္ထုများ ဖတ်ပြရန် အချိန်မရှိတော့ပါ။

ယူလီယာက သူ့ကို သူမ၏အခန်းနှစ်ခန်းတွင် လက်ခံတွေ့ဆုံသည်။ ယင်းအခန်းများသည် အိမ်ရှေ့ဧည့်ခန်းနှင့်လည်း အလှမ်းဝေးသည်။ ဒေါက်တာ၏ စာကြည့်ခန်းနှင့်လည်း ဝေးသည်။ ယင်းအဖြစ်ကို သူ အင်မတန်နှစ်သက်ပါသည်။ ယူလီယာ၏အခန်းများတွင် အခန်းနံရံများက မှောင်နေသည်။ အခန်းထောင့်တစ်နေရာတွင် အရှင်ယေရှုခရစ်၏ပုံတော်ရှိသော မှန်ဗီရိုရှိသည်။ ဆီမီးရနံ့နှင့် အကောင်းစား ရေမွှေးနံ့များ ထုံမွှမ်းနေလျက်ရှိသည်။

သူမက အိမ်ကြီးနှင့် အလှမ်းဝေးရာ အခန်းများတွင် နေထိုင်လျက်ရှိသည်။ သူမ၏ခုတင်နှင့် မှန်တင်ခုံတို့ကို ကန့်လန့်ကာများဖြင့် ကာရံထားသည်။ စာအုပ်ဗီရိုမှန်တံခါးများ၏ အတွင်းဘက်တွင်လည်း ကန့်လန့်ကာ အစိမ်းများ တပ်ဆင်ထားသည်။ ကော်ဇောများ ခင်းထားသော သူမ၏အခန်းများတွင် သူမ လမ်းလျှောက်ပုံကလည်း ခြေသံဖုန်ဖုန်ကလေးမျှပင် မကြားရပါ။ သည်အချက်များကို ချင့်ထောက်ပြီး သူမသည် အေးဆေးသော၊ ငြိမ်သက်သော၊ ဘာသိဘာသာနေတတ်သော အမျိုးသမီးတစ်ယောက်ဟု သူ ယူဆလိုက်သည်။

သူမသည် သူမ၏အိမ်တွင် ယခုအထိပင် လူကြီးတစ်ယောက် မဟုတ်

mgyoe.com

mgyoe.com


သေးပါ။ သူမတွင် ကိုယ်ပိုင်ပိုက်ဆံမရှိပါ။ တစ်ခါတစ်ရံတွင် သူမသည် ပိုက်ဆံတစ်ပြားတစ်ချပ်မျှ မပါရှိဘဲ အပြင်သို့ထွက်သွားရသဖြင့် ကသိက အောက် ဖြစ်ရသည်။ သူမ၏ဖခင်က သူမကို အဝတ်အစားများနှင့် စာအုပ်များဝယ်ရန် ပိုက်ဆံများများစားစား မပေးပါ။ တစ်နှစ်ကို ရူဗယ်ငွေ တစ်ရာ ထက်မပိုပါ။

ဒေါက်တာကိုယ်တိုင်ပင်လျှင် လုပ်ငန်းကိုင်ငန်း ကောင်းမွန်လှသော်လည်း ပိုက်ဆံဟူ၍ကား များများစားစား မရှိပါ။ သူသည် ကလပ်တွင် ညတိုင်းလိုပင် ဖဲကစားပြီး အမြဲတမ်းလိုပင် ရှုံးတတ်သည်။ ထို့အပြင် သူသည် ရှိသမျှပိုက်ဆံဖြင့် အိမ်တွေဝယ်သည်။ ထိုအိမ်များကို ပြန်လည်ပေါင်နှံသည်။ ပေါင်နှံ၍ရရှိသော ပိုက်ဆံများကို အသင်းအဖွဲ့များသို့ လှူဒါန်းသည်။ အိမ်ငှားများက သူ့ကိုအိမ်လခမှန်မှန်မပေးကြသော်လည်း ဒေါက်တာကမူ ဤလုပ်ငန်းသည် အမြတ်အစွန်း ကောင်းမွန်သည်ဟု ယူဆထားသည်။

၎င်းတို့ လက်ရှိနေထိုင်သောအိမ်ကြီးကို ပေါင်နှံထားသည်။ ပေါင်၍ရရှိသောငွေဖြင့် မြေကွက်တစ်ကွက် ဝယ်ယူထားသည်။ ယင်းမြေကွက်ပေါ်တွင် ဧရာမနှစ်ထပ်တိုက်ကြီးတစ်လုံးကို ဆောက်လုပ်လျက်ရှိသည်။ ယင်းတိုက်ကြီးကိုလည်း ပြီးစီးလျှင် ပြန်လည်ပေါင်နှံမည် ဖြစ်သည်။

လက်ပတစ်သည် ယခုအခါ တိမ်တိုက်တစ်ခုထဲတွင် နေနေသကဲ့သို့ ရှိသည်။ အဓိပ္ပာယ်မှာ သူသည် သူကိုယ်တိုင်မဟုတ်၊ သူ၏ကိုယ်ပွားတစ်ဦးပမာ ဖြစ်သည်။ သူသည် ယခင်က မလုပ်ခဲ့ဖူးသော အလုပ်ပေါင်းများစွာကို ယခုအခါတွင် လုပ်ကိုင်လျက်ရှိသည်။ ဒေါက်တာနှင့်အတူ ကလပ်သို့ သုံးလေးကြိမ်လောက် လိုက်သွားသည်။ ဒေါက်တာနှင့်အတူ ညလယ်စာစားသည်။ ဒေါက်တာဆောက်လုပ်နေသော အဆောက်အအုံတွင် ငွေလှူဒါန်းသည်။ ထို့မျှမက သူသည် ပါနာရေး၏ ဒုတိယနေအိမ်သို့ပင် သွားရောက်လည်ပတ်သည်။

တစ်နေ့တွင် ပါနာရေးက လက်ပတစ်ကို ညစာစားရန် ဖိတ်ကြားသည်။ လက်ပတစ်က ဘာမျှမစဉ်းစားမနေတော့ဘဲ လက်ခံလိုက်သည်။ ဤတွင် အသက်သုံးဆယ့်ငါးနှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးကို သူ တွေ့ရသည်။ အရပ်ရှည်ရှည် သွယ်သွယ်လျလျဖြစ်သည်။ မျက်ခုံးမွေးများ နက်

mgyoe.com


မှောင်နေသည်။ ရုရှားအမျိုးသမီး မဟုတ်သည်မှာ သိသာထင်ရှားလှသည်။ မျက်နှာပေါ်တွင် ပေါင်ဒါဖြူဖြူများ တို့ရိုက်ထားသည်။ ခပ်ဖွယ်ဖွယ်ကလေး ပြုံးသည်။ သို့သော် ရဲတင်းစွာပင် လက်ဆွဲနှုတ်ဆက်သည်။ သူမ၏ ဖြူဖွေးသော လက်ပေါ်မှ လက်ကောက်များကို တချွင်ချွင် မြည်စေသည်။

သူမ၏အပြုံးသည် သူမ၏ စိတ်သောကများကို ဖုံးကွယ်ထားခြင်းပင် ဖြစ်သည်ဟု လက်ပတစ်မှတ်ယူသည်။ သူမ၏ သမီးကလေးနှစ်ယောက်ကို လည်း လက်ပတစ် တွေ့ရှိရသည်။ တစ်ယောက်က ငါးနှစ်၊ တစ်ယောက်က သုံးနှစ်အရွယ် ဖြစ်သည်။ ဆာရှာနှင့် တူကြသည်။

ညစာ စားသောက်ဖွယ်ရာများမှာ နို့စွပ်ပြုတ်၊ မုန်လာဥဝါနှင့် နွားကလေးသား၊ ပြီးတော့ ချောကလက်၊ ချောကလက်က အချိုများပြီး အရသာမရှိပါ။ သို့သော် ရွှေခက်ရင်းများကမူ စားပွဲပေါ်တွင် တောက်လက်နေကြသည်။ ထို့အပြင် အထူးမွမ်းမံထားသော ဆားပုလင်း၊ ပဲငံပြာရည်ပုလင်း။ ငရုတ်ရည်ပုလင်းနှင့် ငရုတ်ကောင်းပုလင်းများကိုလည်း တွေ့ရှိရသည်။

လက်ပတစ်သည် နွားနို့စွပ်ပြုတ်ကို သောက်ပြီးချိန်မှာပင် သူ့အနေနှင့် ဤညစာစားပွဲသို့ လာရောက်ခြင်းသည် မသင့်လျော်လှကြောင်းကို သိရှိပါတော့သည်။ အမျိုးသမီးမှာ အတော်ကြီးပင် ကသိကအောက် ဖြစ်နေဟန်တူသည်။ တစ်ချိန်လုံးပင် သွားများကို ဖော်ပြီး ပြုံးနေသည်။ ပါနာရော့က အချစ်နှင့် အချစ်မှ ဖြစ်ပေါ်မှုများကို သိပ္ပံနည်းကျ ရှင်းပြလျက်ရှိသည်။

"ဒီနေရာမှာ ကိုယ်တို့က လျှပ်စစ်ဓာတ်သဘောကိုပဲ ပြောရမယ်၊ လူတိုင်းရဲ့ခန္ဓာကိုယ်ထဲမှာ လျှပ်စစ်ဓာတ်အားတွေ စီးဆင်းနေတယ်။ ကိုယ့်မှာရှိတဲ့ လျှပ်စစ်ဓာတ်အားနှင့် တခြားလူတစ်ယောက်မှာရှိတဲ့ လျှပ်စစ်ဓာတ်အား တူညီတဲ့အခါမှာ အချစ်ဆိုတာ ဖြစ်ပေါ်လာတာပဲ"

သူက အမျိုးသမီးကိုကြည့်ပြီး ပြင်သစ်လို ပြောပါသည်။ နေအိမ်သို့ လက်ပတစ် ပြန်လည်ရောက်ရှိလာသောအခါ အစ်မဖြစ်သူက ဘယ်သွားနေသနည်းဟု မေးသည်။ သူက ဘယ်လိုဖြေရမှန်းမသိသဖြင့် မဖြေဘဲနေလိုက်သည်။

လက်ထပ်မင်္ဂလာပွဲ မကျင်းပမီ တစ်ချိန်လုံးပင် သူသည် မှားယွင်းသော အခြေအနေတွင် ရောက်ရှိနေသည်ဟု လက်ပတစ် ခံစားနေရသည်။

mgyoe.com